မြကေမှုံ
The Mirror
၁၃၇၂ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁ ရက်၊ သောကြာနေ့ (24-9-2010) (၆၅၃၁)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေ မင်္ဂလာဒုံနှင့် တွံတေးမြို့နယ်တို့ရှိ နယ်မြေခံတပ်ရင်းများ၌ မှာကြား၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၂၃

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေသည် တာဝန်ရှိသူများ လိုက်ပါလျက် စက်တင်ဘာ ၂၁ ရက်တွင် ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် ပုလဲမြို့သစ် ရွှေနံ့သာစံပြကျေးရွာအုပ်စုရှိ နယ်မြေခံတပ်ရင်းသို့ရောက်ရှိပြီး တပ်ရင်းရုံး၌ တပ်ရင်းရှိ အရာရှိများအားတွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ထို့နောက် တပ်ရင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူတို့အား လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုး မကွေးတိုင်းဒေသကြီးရှိ

ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများအားတွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၂၃

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးနှင့် မကွေးတိုင်းဒေသကြီးရှိ ပခုက္ကူနှင့် ဂန့်ဂေါခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများ၊ မဲရုံမှူးများ တွေ့ဆုံပွဲအခမ်းအနားကို စက်တင်ဘာ ၁၉ ရက် နံနက် ၈ နာရီတွင် ပခုက္ကူမြို့ ပြည်သာယာခန်းမ၌ လည်းကောင်း၊ မကွေးတိုင်းဒေသကြီး ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမောင်မောင်ဝင်းနှင့် အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ မကွေး၊ မင်းဘူးနှင့် သရက်ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများ၊ မဲရုံမှူးများနှင့် တွေ့ဆုံပွဲကို စက်တင်ဘာ ၂၀ ရက် နံနက် ၈ နာရီတွင် မကွေးမြို့ မြို့တော်ခန်းမ၌လည်းကောင်း ကျင်းပသည်။

အဆိုပါ အခမ်းအနားများတွင် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင် အဖွဲ့ဝင်များဖြစ်ကြသည့် ဦးဝင်းကြည်နှင့် ဦးမြင့်နိုင်တို့ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

ယင်းအခမ်းအနားတို့တွင် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင် ဥက္ကဋ္ဌ ဦးသိန်းစိုးက ကော်မရှင်လုပ်ငန်းဆိုင်ရာ အဆင့်ဆင့် ဆောင်ရွက်မှုများကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် ခရိုင်ကော်မရှင်အဖွဲ့ဥက္ကဋ္ဌတို့က သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲအလိုက် လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးက နိဂုံးချုပ် အမှာစကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ပခုက္ကူမြို့ အမှတ်(၈)ရပ်ကွက် အမှတ်(၄) အခြေခံပညာမူလတန်းလွန်ကျောင်းရှိ မဲရုံအမှတ်(၂)နှင့် မကွေးမြို့ အခြေခံပညာအထက်တန်းကျောင်းရှိ မင်းကံကြီးရပ်ကွက် မဲရုံ အမှတ်(၅)တို့၌ ဆန္ဒမဲပေးခန်းများ ပြင်ဆင်ထားရှိမှုနှင့် မဲစာရင်းများ ကြေညာထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေ စိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကမ္ဘာကြီး မျိုးဆက်သစ်များနှင့် ကျွန်တော်တို့အားလုံးအတွက် ဆိုလာစွမ်းအင်

ဂျပန်နိုင်ငံ Solar Ark ။

သတင်းဆောင်းပါး - နေမင်းချစ်သူ

အဆင်အပြင် နိုင်လင်းကြည်

အနာဂတ်တွင် ဆိုလာကို မလွဲမသွေ သုံးရလိမ့်မည်။

ကျွန်တော်တို့နေထိုင်ကြသည့် ကမ္ဘာကြီးသည် အချိန်နှင့်အမျှ ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။ဖွံ့ဖြိုးတိုးတက်မှုများနှင့်အတူ စွမ်းအင်လိုအပ်ချက်များမှာလည်း မြင့်မားလာသည်။မျက်မှောက်ခေတ်လူသားတို့အတွက် လျှပ်စစ်ဓာတ်အားသည် မရှိမဖြစ် လိုအပ်ချက်ဖြစ်နေသည်။ နိုင်ငံအားလုံးလိုလို လျှပ်စစ်စွမ်းအင် လိုအပ်ချက်သည် ပြည့်မီသွားသည်မရှိ၊ အစဉ်သဖြင့် ဖြည့်ဆည်းနေရသည်။ လိုအပ်နေသည့် စွမ်းအင်ဖြည့်ဆည်းနိုင်ရေးအတွက် စွမ်းအင်ရရှိနိုင်သည့် အရင်းအမြစ်များကို သုတေသနပြု ဖော်ထုတ်ကြရသည်။ လက်ရှိ စွမ်းအင်ရရှိရေးအတွက် သုံးစွဲနေရသည့် ရုပ်ကြွင်းလောင်စာ သယံဇာတအရင်းအမြစ်များသည် မကုန်နိုင်မခန်းနိုင် သုံးစွဲနိုင်သည်မဟုတ်၊ နှစ်ကာလအကန့်အသတ်ဖြင့်သာ သုံးစွဲနိုင်မည်။ မကြာမြင့်မီကာလ၌ပင် အချို့သော

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❑

အနာဂတ်ကာလတွင် ဆိုလာစွမ်းအင်သည် လူသားအားလုံး၏ အဓိက စွမ်းအင်ဖြစ်လာမည်။ ကျွန်တော်တို့၏ မျိုးဆက်သစ်များခေတ်တွင် ဆိုလာစွမ်းအင်ကို မလွဲမသွေ သုံးစွဲရပေလိမ့်မည်။

ပြည်သူ့သဘောထား
✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကြေးမုံ The Mirror

၂၄-၉-၂၀၁၀
(သောကြာနေ့)

ဒေသဖွံ့ဖြိုးမှု အကျိုးပြု တံတားသစ်များ

ပြည်သူများ၏ လူမှုစီးပွားမြင့်မားလာမှုနှင့်အတူ ကုန်စည်ကူးသန်းရောင်းဝယ်မှု များပြားလာသည်။ လမ်းမကြီးများတစ်လျှောက်ရှိ မြို့ရွာများ၌လည်း လူဦးရေ တိုးတက်နေထိုင်လာကြရာ လမ်းသစ်၊ တံတားသစ်များ တိုးချဲ့ဖောက်လုပ် တည်ဆောက်ပေးခြင်းဖြင့် နယ်မြေဒေသတစ်ခုနှင့်တစ်ခု လွယ်လင့်တကူ ဆက်သွယ်သွားလာနိုင်ကြပေပြီ။

ဒေသဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါသည့် လမ်းပေါင်းများစွာကို ဆက်လက်၍ ဖောက်လုပ်နေဆဲဖြစ်သည်။ လမ်းများနှင့်အတူ မြစ်ကူး၊ ချောင်းကူးတံတားကြီးငယ် အသွယ်သွယ်ကိုလည်း တိုး၍တည်ဆောက်ပေးနေဆဲဖြစ်သည်။ အကျိုးရလဒ်အဖြစ် မြစ် ချောင်း အင်းအိုင် ကုန်းမြင့်တောင်တန်း ရောပြွမ်းတည်ရှိနေသည့် သဘာဝမြေပြင်အတားအဆီးများကို ကျော်ဖြတ်၍ တိုင်းရင်းသားချင်း အနေလည်းနီး၊ ခရီးလည်းသာ ဆက်သွယ်သွားလာမှုများ တိုးတက်စည်ပင်နေကြပေပြီ။

စစ်ကိုင်းတိုင်းဒေသကြီး၏ ယင်းမာပင်မြို့နယ် ပုသိမ်-မုံရွာ ကားလမ်းပေါ်ရှိ မြောက်ယမားချောင်းတံတားကြီးကို စက်တင်ဘာ ၁၈ရက်က ဖွင့်လှစ်လိုက်သည်။ ပုသိမ်မှမုံရွာအထိ မော်တော်ယာဉ်များဖြင့် အချိန်တိုအတွင်း အလွယ်တကူ သွားလာနိုင်သည့်အပြင် ဧရာဝတီ၊ ပဲခူး၊ မကွေး၊ စစ်ကိုင်း စသည့် တိုင်းဒေသကြီးများမှ ပြည်သူများ၏ လူမှုစီးပွားမြင့်မားမှုကို အကျိုးပြုနိုင်ပေပြီ။

ထိုနည်းတူ ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် ဟသ်ာတ-မြို့ကွင်း-ကွင်းကောက်လမ်းပေါ်ရှိ နန်ကသူချောင်း တံတားကြီးကိုလည်း စက်တင်ဘာ ၁၈ရက်က ဖွင့်လှစ်ခဲ့သည်။ ပေ ၃၀၀ ရှည် သံကူကွန်ကရစ်ကြမ်းခင်းနှင့် ရက်မ၊ အောက်ထည်သံကူကွန်ကရစ် ဘိုးပိုင်တံတား အမျိုးအစား နှစ်လမ်းသွားတံတားဖြစ်သည်။ ဒေသထွက် ကုန်စည်ပို့ဆောင်ရောင်းဝယ်သွားလာမှုတွင် များစွာအရေးပါနေပေပြီ။

အလားတူ ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် နဘူး-ရေပူ-ပိုင်ကျုံလမ်းပေါ်ရှိ ပတ တံတားကိုလည်း စက်တင်ဘာ ၁၈ရက်က ဖွင့်လှစ်ခဲ့သည်။ အဆိုပါတံတားဖွင့်လှစ်နိုင်သည့်အတွက် ဒေသခံပြည်သူများ လွယ်ကူစွာ ဆက်သွယ်သွားလာနိုင်ကြပြီ။ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရေး အကျိုးပြုလျက်ရှိသည်။

လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့ခြင်းသည် ကုန်စည်စီးဆင်းမှုကို သွက်လက်စေသည်။ ရာသီမရွေး ကူးသန်းဆက်သွယ် ရောင်းဝယ်နိုင်ကြပေပြီ။ တစ်ချိန်တည်းတွင် ဒေသဖွံ့ဖြိုးတိုးတက်မှုနှင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားမြင့်မားရေးအတွက် အကျိုးရလဒ်ကောင်းများစွာ ဖြစ်ထွန်းလာစေမည်ဖြစ်ပါသည်။ ။

ထားဝယ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုင်းမှူး ဗိုလ်မှူးချုပ်ခင်မောင်ဌေး ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၂၃

တနင်္သာရီတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ခင်မောင်ဌေးသည် စက်တင်ဘာ ၁၅ ရက်တွင် ထားဝယ်တပ်နယ်ခန်းမ၌ တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် တွေ့ဆုံပြီး မိသားစုဝင် ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းသုံး စာအုပ်များ ပေးအပ်သည်။

ဆက်လက်၍ ထားဝယ်-မြိတ်ရထားလမ်း ဖောက်လုပ်ရေးလုပ်ငန်း စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိပြီး တာဝန်ရှိသူ၏ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများ ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကာ လုပ်ငန်းဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကလိန်အောင်မြို့နယ် ကံပေါက်ဆီအုန်းခြံသို့ ရောက်ရှိပြီး ဆီအုန်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေမှုကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တိုင်းမှူးသည် ကလိန်အောင်တပ်နယ်ခန်းမ၌ တပ်နယ်မှ အရာရှိ၊ စစ်သည်များနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး တပ်နယ်မိသားစုဝင် ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းသုံး ဗလာစာအုပ်များပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် မုံရွာမြို့ ခုတင် (၂၀၀)ဆံ့ သံကူကွန်ကရစ် နှစ်ထပ်တိုးချဲ့ဆောင် တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဝန်ကြီး ဒေါက်တာကျော်မြင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဆေးရုံများ ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၂၃

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်သည် စက်တင်ဘာ ၁၇ ရက် နံနက် ၈ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး ပြည်သူ့ဆေးရုံကြီး တိုးချဲ့နှစ်ထပ်ဆောင် ဆောက်လုပ်ရေးလုပ်ငန်းနှင့် မူလဆေးရုံကြီးတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးအား ခုတင် (၂၀၀) ဆံ့ ပြည်သူ့ဆေးရုံကြီး တိုးချဲ့ဆောက်လုပ်ရေး လုပ်ငန်းရှင်းလင်းဆောင်၌ စွမ်းအားအင်ဂျင်နီယာ လုပ်ငန်းအဖွဲ့မှ ဦးစိုးလှိုင်က ဆေးရုံသစ်ကြီး ဆောက်လုပ်ပြီးစီးမှုအခြေအနေနှင့် ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်စန်းစန်းတင့်က ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ စစ်ကိုင်းတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်ရှိန်နှင့် ညွှန်ကြားရေးမှူးချုပ်တို့က ဖြည့်စွက်ရှင်းလင်း တင်ပြကြသည်။

ယင်းနောက် ဝန်ကြီးသည် သွားနှင့်ခံတွင်းကုသဌာန၊ Ultrasound ဓာတ်မှန်ဌာန၊ အရိုး၊ အကြော၊ အဆစ်နှင့် ထိခိုက်ဒဏ်ရာကုသဌာန၊ မျက်စိအထူးကုဌာန၊ ဒေသကြီး (၃) မျက်ခမ်းစပ်နှင့် မျက်မမြင်ပပျောက်ရေးဌာန၊ လူနာကုသဆောင်များ၊ ဓာတ်မှန်ဌာန၊ ပြင်ပလူနာနှင့် အရေးပေါ်ဌာနများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ဆက်လက်၍ ဝန်ကြီးသည် မြင်းမူမြို့နယ် ပြည်သူ့ဆေးရုံသို့ သွားရောက်ကာ ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လူနာစောင့်များ နားနေဆောင်ရှိ လူနာမိသားစုများအား ရင်းနှီးစွာ နှုတ်ဆက်အားပေးကာ ဆေးရုံသင်တန်းခန်းမ၌ ဒေသခံ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ မြန်မာနိုင်ငံ၌ မွေးမိခင်သေဆုံးမှုနှုန်း၊ တစ်နှစ်မှ ငါးနှစ်အောက်ကလေး သေဆုံးမှုနှုန်း ကျဆင်းရေးတို့အတွက် ကျေးလက်ဒေသအထိ ထိရောက်သော ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ကိုယ်ဝန်ဆောင် မိခင်များနှင့် ကလေးသူငယ်များ အာဟာရဖွံ့ဖြိုးရေးအတွက်လည်း ကျေးရွာအာဟာရဘဏ်များ ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိရာ ဆက်လက်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်ကြရေး၊ ယင်းလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ရန် ဝိုင်းဝန်းပူးပေါင်း ပါဝင်ကူညီ ဆောင်ရွက်သွားကြရေး တိုက်တွန်း မှာကြားသည်။

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် ချောင်းဦးမြို့နယ်ပြည်သူ့ဆေးရုံ၊ မုံရွာခရိုင် ဆားလင်းကြီးမြို့နယ် ပြည်သူ့ဆေးရုံနှင့် ဆားလင်းကြီးမြို့နယ် ကျားတက်တိုက်နယ်ဆေးရုံတို့ကိုလည်းကောင်း၊ ညနေပိုင်းတွင် မုံရွာပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ပြီး မုံရွာမြို့ ခုတင် (၂၀၀)ဆံ့ သံကူကွန်ကရစ်နှစ်ထပ်တိုးချဲ့ဆောင် တည်ဆောက်ရေး လုပ်ငန်းကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဆောက်လုပ်ပြီးစီးပြီးဖြစ်သည့် တိုးချဲ့ကုသဆောင်များ၊ အဆောက်အအုံ တိုးချဲ့ဆောက်လုပ်နေသည့် လုပ်ငန်းခွင်၊ အဆောက်အအုံများ ပေါင်းစပ်ဆက်သွယ်ပေးသည့် နေရာများနှင့် ဆေးရုံအတွင်းရှိ ကုသဆောင်များကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ဝန်ကြီးသည် စက်တင်ဘာ ၁၈ ရက်တွင် မန္တလေးမြို့ပေါ်ရှိ ပြည်သူလူထုအခြေပြု ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှု အားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြက်ငှက်တုပ်ကွေးရောဂါ စူးစမ်းလေ့လာရေးနှင့် ရောဂါထောက်လှမ်းရေးလုပ်ငန်း ကြပ်မတ်စစ်ဆေး

နေပြည်တော် စက်တင်ဘာ ၂၃

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်ကြီးသည် စက်တင်ဘာ ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် မွန်ပြည်နယ် သထုံခရိုင် ကျိုက်ထိုမြို့နယ်နှင့် ဘီးလင်းမြို့နယ်တို့၏ ကြက်ငှက်တုပ်ကွေးရောဂါ စူးစမ်းလေ့လာရေးနှင့် ရောဂါထောက်လှမ်းရေးလုပ်ငန်း ဆောင်ရွက်မှုများကို သွားရောက်ကြပ်မတ်စစ်ဆေး၍ လုပ်ငန်းတွင်ပါဝင်သော မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဝန်ထမ်းများနှင့် ကျေးလက် တိရစ္ဆာန်ကျန်းမာရေးလုပ်သားများအား နိုင်ငံတော်၏ အသားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူလူထု ကျန်းမာရေးအတွက် ကြက်ငှက်တုပ်ကွေးရောဂါ အမြစ်ပြတ်ချေမှုန်းရေးကို အလေးထားဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားသည်။

အဆိုပါ ကြက်ငှက်တုပ်ကွေးရောဂါ စူးစမ်းလေ့လာရေးနှင့် ရောဂါထောက်လှမ်းမှုကို မြန်မာနိုင်ငံအတွင်း ၇၈ မြို့နယ်တို့၌ တစ်မြို့နယ်လျှင် မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန ဝန်ထမ်းများနှင့် ကျေးလက်ကျန်းမာရေးလုပ်သား ၁၂ ဦးစီတို့ဖြင့် ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အထက(၃) ပန်းဘဲတန်း မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၃

မြတ်ဆရာပူဇော်ပွဲနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ တွေ့ဆုံပွဲကို စက်တင်ဘာ ၂၆ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီမှ ညနေ ၅နာရီအထိ Central Hotel မင်္ဂလာခန်းမ၌ ကျင်းပမည်ဖြစ်ပါ၍ ဆရာ၊ ဆရာမဟောင်းများ၊ ကျောင်းသား၊ ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် ကြွရောက်ကြပါရန်နှင့် ဆက်သွယ်လှူဒါန်းလိုပါက ကိုထွန်းအောင် ဖုန်း-၀၉-၅၀၃၁၉၈၇၊ ကိုမောင်မောင် ဖုန်း-၀၁-၂၄၁၇၂၁၊ ကိုအောင်ချိုဝင်း ဖုန်း-၀၉-၅၁၀၂၉၉၈၊ ကိုအောင်သူ ဖုန်း-၀၉-၈၆၁၅၃၅၁၊ ကိုမျိုးမြင့် ဖုန်း-၀၉-၉၉၇၃၃၉၂၊ ကိုမြင့်ဝင်း ဖုန်း-၀၉-၈၀၂၀၆၅၂၊ ကိုအေးကျော် ဖုန်း-၀၁-၃၈၁၉၄၄၊ ကိုစိုးတင့် ဖုန်း- ၀၉-၅၀၀၃၅၁၀၊ ကိုညီညီဦး ဖုန်း-၀၉-၅၀၉၈၅၁၈၊ မအေးမှီတင် ဖုန်း-၀၁-၃၇၂၂၂၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

အာဟာရတိုက်ကျွေး

ကျောင်းကျန်းမာရေးသီတင်းပတ် လှုပ်ရှားမှုအဖြစ် ဝေါအရှေ့ဘက်ကမ်း အထက(ခွဲ) ကျောင်း၌ ကျောင်းအုပ်ဆရာမကြီးက ကြီးမှူး၍ အလှူရှင် ဦးစန်းယု-ဒေါ်ထွေးထွေးမိသားစု (စန်းယု ကွန်ကရစ်လုပ်ငန်း၊ ဝေါ)က တစ်ကျောင်းလုံးရှိ ကျောင်းသား၊ ကျောင်းသူများကို အာဟာရ တိုက်ကျွေးစဉ်။

(မြို့နယ်ပြန်/ဆက်)



ပျော်ဘွယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်စိုးကြီးကြပ်မှုဖြင့် ဈေးမီးဘေးလုံခြုံရေးအတွက် အဖွဲ့ဝန်ထမ်းများနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့တို့ ပူးပေါင်း၍ ဇာတ်တိုက်လေ့ကျင့်စဉ်။

(သတင်းစဉ်)

မြို့မဈေး မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေး

ကွန်ဟိန်း စက်တင်ဘာ ၂၃

ကွန်ဟိန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်အရန်မီးသတ်တပ်ဖွဲ့တို့ ပူးပေါင်း၍ ကွန်ဟိန်းမြို့မဈေးမီးဘေးလုံခြုံရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို စက်တင်ဘာ ၇ ရက်က ကွင်းဆင်းစစ်ဆေး အမှုဆောင်အရာရှိ ဦးမျိုးဝင်းဇော်နှင့် မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ တပ်ခွဲမှူး ဦးဒရှီလတို့က ကြီးကြပ်ဆောင်ရွက်ပေးခဲ့သည်။

(မြို့နယ်စည်ပင်)

☆ရှေ့ဖုံးမှ

ယင်းနောက် ဗိုလ်ချုပ်တင်ငွေသည် တပ်ရင်းခန်းမ၌ အရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များအားတွေ့ဆုံ၍ အမှာစကားပြောကြားကာ နယ်မြေခံတပ်ရင်း မိသားစုဝင်များအတွက် ရုပ်မြင်သံကြားဖမ်းစက်တစ်လုံးကို ပေးအပ်လှူဒါန်းပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့သည်။

ဗိုလ်ချုပ်တင်ငွေသည် တာဝန်ရှိသူများလိုက်ပါလျက် စက်တင်ဘာ ၂၂ ရက် နံနက်ပိုင်းတွင် ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့ရှိ နယ်မြေခံတပ်ရင်းသို့ရောက်ရှိပြီး တပ်ရင်းရုံး၌ တပ်ရင်းရှိ အရာရှိများအား တွေ့ဆုံအမှာစကားပြောကြားသည်။

ထို့နောက် တပ်ရင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးပြီး မိသားစုဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက် နယ်မြေခံတပ်ရင်းခန်းမ၌ အရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များအား တွေ့ဆုံ အမှာစကားပြောကြားပြီး နယ်မြေခံတပ်ရင်းမိသားစုဝင်များအတွက် ရုပ်မြင်သံကြား ဖမ်းစက်တစ်လုံး ပေးအပ်လှူဒါန်းကာ အရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ ဗိုလ်ချုပ်တင်ငွေသည် မွန်းလွဲပိုင်းတွင် တွံတေးမြို့သို့ရောက်ရှိရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများက လှိုင်သာယာ - တွံတေး - မအူပင် လမ်းပိုင်းတွင် လမ်းလုပ်ငန်းဆောင်ရွက်နေမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး တင်ပြချက်များနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်တင်ငွေက လုပ်ငန်းများအချိန်နှင့်တစ်ပြေးညီ ပြီးစီးအောင် ဆောင်ရွက်ရေးနှင့် လိုအပ်သည်များကို မှာကြားသည်။

အဆိုပါလမ်းပိုင်းသည် ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ် တစ်ဖက်ကမ်း မြဂိုးကျေးရွာမှ ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်သို့ ဆက်သွယ်ထားသည့် လမ်းပိုင်းဖြစ်သည်။

ယင်းနောက် ဗိုလ်ချုပ်တင်ငွေသည် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများအားတွေ့ဆုံသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေ လှိုင်သာယာ-တွံတေး-မအူပင်လမ်း ဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အစီအစဉ်အရ တာဝန်ရှိသူများက ဒေသဆိုင်ရာအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဗိုလ်ချုပ်တင်ငွေက လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးပြီး လိုအပ်သည်များ မှာကြားကာ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထိုမှတစ်ဆင့် တွံတေးမြို့နယ် ပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး ဆေးဝါးကုသမှုခံယူနေကြသော ဒေသခံပြည်သူများအား စားသောက်ဖွယ်ရာများပေးအပ်၍ ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားကာ ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ တွံတေးမြို့နေပြည်သူများအား မြို့နယ်ကျန်းမာရေးကော်မတီက သောက်ရေသန့် အခမဲ့ပေးဝေနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တွံတေးမြို့ ရွှေဆံတော်စေတီတော်မြတ်ကြီးအား သွားရောက် ဖူးမြော်ကြည်ညိုပြီး စေတီတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံရေးအတွက် အလှူငွေများ ပေးအပ်လှူဒါန်းကာ တွံတေးမြို့ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဗိုလ်ချုပ်တင်ငွေသည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် လှိုင်သာယာ-တွံတေး-မအူပင် ဖြတ်လမ်း မြေသားလမ်းဖောက်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူတို့၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

(သတင်းစဉ်)

ထားဝယ်မြို့နယ် သဗျာကျေးရွာတွင် နိုင်ငံတော် မတည်ငွေ၊ ကျေးရွာပြည်သူလူထု ထည့်ဝင်ငွေများဖြင့် ဆောက်လုပ်မည့် စာကြည့်တိုက် ဆောက်လုပ်ရန် အုတ်မြစ်ချအခမ်းအနားကို ဩဂုတ် ၂၂ ရက်က စာကြည့်တိုက်မြေနေရာ၌ ကျင်းပရာ မြို့နယ်ဦးစီးမှူး ဒေါ်မိုးဝါနှင့် ကျေးရွာဥက္ကဋ္ဌ ဦးထွန်းရှိန်တို့ အုတ်မြစ်ချစဉ်။ (ခရိုင်ပြန်/ဆက်)

ရွာသစ်မြို့၌ မဲရုံမှူးနှင့် ဒုတိယမဲရုံမှူးများ လုပ်ငန်းလမ်းညွှန် ရက်တိုသင်တန်းဖွင့်

နေပြည်တော် စက်တင်ဘာ ၂၃

ကယားပြည်နယ် ဘောလခဲခရိုင် ကော်မရှင်အဖွဲ့ခွဲနှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲတို့၏ စီစဉ်မှုဖြင့် မဲရုံမှူးနှင့် ဒုတိယမဲရုံမှူးများ လုပ်ငန်းလမ်းညွှန် ရက်တိုသင်တန်း ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၈ ရက်တွင် ဘောလခဲမြို့နယ် ရွာသစ်မြို့ရှိ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ မဲရုံမှူးများနှင့် ဒုတိယမဲရုံမှူးများ တက်ရောက်ကြသည်။

သင်တန်းတွင် ဘောလခဲခရိုင် ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးခင်စောက သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး မြို့နယ်ကော်မရှင် အဖွဲ့ခွဲ အတွင်းရေးမှူးဦးဦးရယ်က ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန် အဆင့်ဆင့်နှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် မြို့နယ်ဥပဒေအရာရှိ ဦးအောင်ကျော်မင်းက မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲစာရင်းစစ်ဆေးသူများ ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန် အဆင့်ဆင့်ကို ဟောပြောပို့ချကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဒီဇင်ဘာ ၂၆ ရက် (တနင်္ဂနွေနေ့)တွင် MCC Centre ၌ ကျင်းပမည့် ရန်ကုန်စက်မှုတက္ကသိုလ်နှင့် ရန်ကုန်နည်းပညာတက္ကသိုလ်တို့မှ နှစ်ပေါင်းစုံ မြို့ပြအင်ဂျင်နီယာဘွဲ့ရများ၏ စတုတ္ထအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲအတွက် ၁၉၉၃ ခုနှစ် ဘွဲ့ရမြို့ပြအင်ဂျင်နီယာများ၏ ကိုယ်စား ဦးဇော်ထွန်းသင်က ငွေကျပ် ၁၀ သိန်းကို ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးကိုကိုကြီး (၁၉၇၃) ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

STI မှ Global Supply Chain ဖြစ်ရပ်များ ဟောပြောပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၃

STI ပညာရေးသည် မြန်မာနိုင်ငံ၏ Logistics နှင့် Supply Chain Management ဆိုင်ရာ ဝန်ထမ်းများ၊ လုပ်ငန်းများအတွက် စင်ကာပူရှိ အထင်ကရ အဖွဲ့အစည်းတစ်ရပ်နှင့် ပူးပေါင်း၍ ဆွေးနွေးပွဲတစ်ရပ် ကျင်းပမည်ဖြစ်သည်။

စီးပွားရေးလုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် အစဉ်အမြဲပြိုင်ဆိုင်နေကြရ၍ ကမ္ဘာအဝှမ်းအပြောင်းအလဲများနှင့် လိုက်လျောညီထွေ လျင်မြန်စွာ တုံ့ပြန်နိုင်သော လုပ်ငန်းများသည် ဈေးကွက်တွင် အသာစီးရနေသည်ကို လေ့လာနိုင်သည်။

ကုန်ကျစရိတ်များကို လျှော့ချနိုင်ခြင်း၊ ဈေးကွက်ကို ဖောက်ထွင်းနိုင်ခြင်းတို့မှာ အဓိကအောင်မြင်ရေး သော့ချက်ဖြစ်သည်။ Manufacturing နှင့် Assembly operations တို့သည် စရိတ်သက်သာသည့် တရုတ်၊ အိန္ဒိယနိုင်ငံနှင့် အရှေ့ဥရောပသို့ ရွှေ့ပြောင်းလာသည်။

ထုတ်ကုန်၏ အရည်အသွေး၊ စိတ်ချရမှု၊ delivery and security တို့ကို အရေးထားလာ၍ Supply Chain တွင် အရည်အသွေးမပြည့်ဝမှု၊ ပျော့ပြောင်းမှုမရှိခြင်းတို့သည် အောင်မြင်ရေးအတွက် အတားအဆီး ဖြစ်စေသည်။

ယင်း Supply Chain Maturity, အဆင့်မြင့် Supply Chain လုပ်ဆောင်မှုများ အကြောင်းကို globalization နှင့်ဆက်စပ်၍ စင်ကာပူအခြေစိုက် Singapore Institute of Material Managements မှ ဒုတိယညွှန်ကြားရေးမှူး Mr. Jasni Hambali က နိုင်ငံတကာ အတွေ့အကြုံများကိုးကား၍ အောက်တိုဘာ ၂ ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် Strand Hotel ၌ ဟောပြောဆွေးနွေးမည်ဖြစ်သည်။

Mr. Jasni Hambali နှင့်အတူ အခြားဟောပြောမည့် ပုဂ္ဂိုလ်များမှာ ဒေါ်စောမိမိကျော်နှင့် ဦးဇာရဲလွင်တို့ဖြစ်သည်။ ယနေ့ Global Logistics နှင့် Supply Chain ပြောင်းလဲမှုများအပြင် Customer Relationship စီမံခန့်ခွဲမှု၏ ပြောင်းလဲမှုဖြစ်စဉ်များနှင့် အောင်မြင်မှုအချက်အလက်များကိုပါ STI မှ သင်တန်းဆရာများက ဆွေးနွေးမည်ဖြစ်သည်။

Mr. Jasni Hambali က globalization နှင့် အမီသွက်လက်စေသော အဟန့်အတားဖြစ်စေသော အကြောင်းအရာများကိုလည်း ဖော်ထုတ်တင်ပြသွားမည်ဖြစ်ကြောင်း၊ စိတ်ဝင်စားသူများသည် STI Education အမှတ် (၃၇၇) ရွှေဘုံသာအထက်လမ်း ပန်းဘဲတန်းမြို့နယ်သို့လည်းကောင်း၊ အဆောင်(၄) အခန်း(၇) Myanmar Info-Tech, Hlaing Campus, လှိုင်မြို့နယ်သို့လည်းကောင်း၊ ဖုန်း - ၂၅၀၀၅၆၊ ၇၀၀၂၇၃၊၅၀၇၀၄၈ နှင့် ၅၀၇၁၅၂ တို့သို့ ဆက်သွယ်စုံစမ်း စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပုသိမ်မြို့ အထက(၂) ဒုတိယအကြိမ်မြောက် မိဘဆရာအသင်းနှစ်ပတ်လည် အစည်းအဝေးနှင့် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ကြသော ကျောင်းသား၊ကျောင်းသူများနှင့် ဧရာဝတီတိုင်းဒေသကြီး၌ အောင်ချက်အမြင့်မားဆုံး ပထမဆုရရှိအောင် ပညာသင်ကြားပေးကြသော ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ၊ ဆရာမများအား ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၉ ရက်က အဆိုပါကျောင်း ပညာရွှေရည်ခန်းမ၌ ကျင်းပရာ ကျောင်းအကျိုးတော်ဆောင်အဖွဲ့နာယက ဦးအောင်ခက ကျောင်းအုပ်ဆရာကြီး ဦးချစ်လွင်အား ဂုဏ်ပြုလက်ဆောင် ချီးမြှင့်စဉ်။ (ပညာရေး)

ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများ ရှင်းလင်းဆွေးနွေး

ထားဝယ် စက်တင်ဘာ ၂၃

ထားဝယ်မြို့နယ် ကော်မရှင်အဖွဲ့ခွဲဝင်များသည် စက်တင်ဘာ ၁၂ ရက် ညနေ ၃ နာရီတွင် ထားဝယ်မြို့ အခြေခံပညာအထက်တန်းကျောင်း အမှတ် (၂)၌ ဘုမ္မော်ရပ်ကွက်အတွင်းရှိ မဲရုံမှူး၊ ဒုတိယမဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များနှင့် တွေ့ဆုံရှင်းလင်း ဆွေးနွေးပွဲပြုလုပ်သည်။

ဆွေးနွေးပွဲသို့ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များ၊ ဘုမ္မော်ရပ်ကွက်ဥက္ကဋ္ဌ ဦးဝင်းထိန်နှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်ကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကြီးရွှေနှင့် အဖွဲ့ခွဲဝင်များနှင့် မဲရုံ လေးရုံမှ မဲရုံမှူး၊ ဒုတိယမဲရုံမှူး၊ မဲရုံအဖွဲ့ဝင် ၆၈ ဦး တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကျော်ဝင်းက အမှာစကားပြောကြားပြီး အဖွဲ့ခွဲဝင် ဦးမောင်မောင်ပိုင်၊ ဒေါက်တာဇော်ဝင်းလှိုင်၊ ဦးကျော်ထွန်းတို့က ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ငန်းလမ်းညွှန်ချက်များကို ရှင်းလင်းဆွေးနွေးကြကြောင်း သိရှိရသည်။ (ကြေးမုံ)

နေပြည်တော်မြန်မာ့အသံရေဒီယိုအစီအစဉ်

(သောကြာနေ့-နံနက်-နေ့လယ်-ည)

၂၄-၉-၂၀၁၀

- ၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
- ၇း၀၅ တရားတော် (တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပုဗ္ဗဏှသုတ်+ ဂုဏ်တော်ကွန်ချာ) ဓမ္မပူဇာတေးပဒေသာ
- ၇း၃၀ (၃၈)ဖြာမင်္ဂလာ
- ၇း၃၅ နံနက်ခင်းတေးပဒေသာ
- ၈း၀၀ စံတော်ချိန်+သတင်း
- ၈း၁၀ နံနက်ခင်းတေးပဒေသာ
- ၈း၃၀ ပြောပါရစေရှင် (ပျော်ရွှင်ခြင်းသော့)
- ၁၀း၀၀ သောတရှင်လိုရာတေး
- ၁၀း၃၀ သတင်းစာအာဘော်
- ၁၀း၄၀ တူယှဉ်သီကြွေးစုံတွဲတေး
- ၁၁း၀၀ နေ့လယ်ခင်းသတင်း
- ၁၁း၁၀ နေ့လယ်ခင်းတေးပဒေသာ
- ၁၁း၃၀ လေလှိုင်းကြားကပွဲတင်သံ
- ၁၁း၄၅ နေ့လယ်ခင်းတေးပဒေသာ
- ၁၂း၀၀ စံတော်ချိန် ဆိုကြပျော်ရွှင်တေးသံစဉ် (INTERMEDIATE LEVEL)
- ၁၂း၃၀ အလုပ်အကိုင်အခွင့်အလမ်း (ကျန်းမာရေးဝန်ကြီးဌာန) နေ့လယ်ခင်းတေးပဒေသာ
- ၁း၀၀ မွန်းလွဲပိုင်းသတင်း
- ၁း၁၀ နေ့လယ်ခင်းတေးပဒေသာ
- ၁း၃၀ အစီအစဉ်ပြီး၏။

- ၄း၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
- ၄း၃၀ စစ်သည်အတွက် တေးလက်ဆောင်
- ၅း၀၀ Music Talk တေးပဒေသာ
- ၅း၂၅ သတင်းစာဆောင်းပါး
- ၅း၃၀ ရင်ခုန်စီးဆင်းအနုပညာသတင်း(၉)
- ၆း၀၀ ညနေခင်းသတင်း
- ၆း၁၀ လူမှုစာနာပြန်ကြားလွှာ
- ၆း၂၀ တေးချစ်သူရွှေးသီ တေးပန်းချီ
- ၆း၄၅ နိုင်ငံရေးဦးတည်ချက် တေးပဒေသာ
- ၇း၀၀ နိုင်ငံတကာသတင်း
- ၇း၁၀ ညချမ်းချိန်ခါတေးပဒေသာ
- ၇း၂၅ ဇာတ်လမ်းပမာနားဆင်စရာ (အစိမ်းရောင်ရသ)
- ၇း၄၅ တေးပဒေသာ
- ၈း၀၀ ပြည်တွင်းသတင်း -နိုင်ငံရေးပါတီများ၏ ဟောပြောချက်များ
- ၈း၂၀ အနုအလှအစုံစုံ သူ့ဘဝအဖုံဖုံ (ဒေါ်သီတာဝင်း DOZO) စီးပွားရေးဦးတည်ချက် တေးပဒေသာ
- ၉း၀၀ ဆောင်းပါး (လူငယ်များဘာကြောင့် စာဖတ်ဖို့လိုသလဲ)
- ၉း၀၅ ခံစားနားဆင်မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ
- ၁၀း၀၀ အစီအစဉ်ပြီး။

နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ

မိုဂါဒစ်ရှူးတွင် တိုက်ပွဲများ အပြင်းအထန်ဖြစ်ပွား၊ လက်နက်ကြီးများဖြင့် အပြန်အလှန်ပစ်ခတ်၍ အရပ်သား ၂၀ သေဆုံးပြီး ၇၀ ခန့် ဒဏ်ရာရရှိ

မိုဂါဒစ်ရှူးမြို့ရှိ အာဖရိက သမဂ္ဂတပ်ဖွဲ့မှ တင့်ကားတစ်စီး။

မိုဂါဒစ်ရှူး စက်တင်ဘာ ၂၃ - ဆိုမာလီယာနိုင်ငံ၏ မြို့တော် မိုဂါဒစ်ရှူးတွင် အစ္စလာမ္မစ်သူပုန်များနှင့် အာဖရိကသမဂ္ဂ ငြိမ်းချမ်းမှုထိန်းသိမ်းရေးတပ်များက ကျောထောက်နောက်ခံပြုထားသော ဆိုမာလီအစိုးရတပ်ဖွဲ့များအကြား တိုက်ပွဲများအပြင်းအထန်ဖြစ်ပွားရာ အရပ်သား ၂၀ အနည်းဆုံး သေဆုံးပြီး ၇၀ခန့်ဒဏ်ရာရရှိသွားကြောင်း ကယ်ဆယ်ရေးတာဝန်ရှိသူများနှင့် မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

မိုဂါဒစ်ရှူးတောင်ပိုင်းဒေသတွင် တိုက်ပွဲများဖြစ်ပွားခဲ့ရာ လက်နက်ကြီးများဖြင့်လည်း အပြန်အလှန်ပစ်ခတ်ခဲ့ကြောင်း၊ အဓိကဈေးကြီးတစ်ခုဖြစ်သည့် ဘာကာရာဈေးကြီးအတွင်းနှင့် အနီးတစ်ဝိုက်သို့ လက်နက်ကြီးကျည်များ ကျရောက်ပေါက်ကွဲခဲ့ရာမှ အရပ်သားများ သေကျေဒဏ်ရာရခဲ့ခြင်းဖြစ်ကြောင်း၊ ဒဏ်ရာရသူအများစုကို ဆေးရုံများသို့ ပို့ဆောင်ပေးခဲ့ရကြောင်း အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့ ခေါင်းဆောင်တစ်ဦးက ပြောကြားသည်။

မိုဂါဒစ်ရှူးအခြေစိုက် ဆိုမာလီအစိုးရပစ်မှတ်များနှင့် အာဖရိကသမဂ္ဂတပ်ဖွဲ့ဝင်များကို အစ္စလာမ္မစ်အုပ်စုများဖြစ်သည့် အယ်လ်ရှာဘတ်နှင့် ၎င်း၏ မဟာမိတ်အဖွဲ့များက နေ့စဉ်လိုလို တိုက်ခိုက်လျက်ရှိသည်။

ဆိုမာလီယာနိုင်ငံတွင် ၁၉၉၁ ခုနှစ် နောက်ပိုင်းမှစ၍ ဆယ်စုနှစ် နှစ်ခုကြာမျှ အင်အားတောင့်တင်းခိုင်မာသော အစိုးရအဖွဲ့ ကင်းမဲ့လျက်ရှိပြီး အာဖရိကသမဂ္ဂတပ်ဖွဲ့ဝင် ၆၀၀၀ ခန့်၏ ကျောထောက်နောက်ခံပြုမှုဖြင့် မိုဂါဒစ်ရှူးမြို့တော်၏ အစိတ်အပိုင်းများကိုသာ ထိန်းချုပ်ထားနိုင်သည့် အခြေအနေတွင် ရပ်တည်နေရသည်။

အမ်အင်အေ၊ ဆင်ဟွာ။

သွေးစုပ်လင်းနို့ကိုက်ခဲမှုကြောင့်ဖြစ်ပွားသော ခွေးရူးပြန်ရောဂါကြောင့် ပီရူး၌ ကလေးငါးဦးသေဆုံး

လီမာ စက်တင်ဘာ ၂၃

သွေးစုပ်လင်းနို့ (Vampire bats)များ၏ ကိုက်ခဲသွေးစုပ်မှုမှတစ်ဆင့် ကူးစက်ပျံ့နှံ့သော ခွေးရူးပြန်ရောဂါဖြစ်ပွားသည့်အတွက် ပီရူးနိုင်ငံတွင် ကလေးငါးဦးသေဆုံးခဲ့ပြီးဖြစ်ကြောင်း ပီရူးကျန်းမာရေး တာဝန်ရှိသူများ၏ အဆိုကို ကိုးကား၍ ယနေ့သတင်းများတွင် ဖော်ပြသည်။

ပီရူးနိုင်ငံမြောက်ပိုင်း အမေဇုန်သစ်တောဒေသများတွင် သွေးစုပ်လင်းနို့များကြောင့် သေဆုံးသူအရေအတွက်သည် ၂၀ ထိရှိခဲ့ပြီဖြစ်သည်။ ဒေသခံကျန်းမာရေးတာဝန်ရှိသူများ၏ အဆိုအရ သွေးစုပ်လင်းနို့များ၏ ကိုက်ခဲမှုခံရသူဦးရေသည် ၃၅၀၀ထိရှိကြောင်း သိရသည်။

ယင်းဒေသများ၌ ခွေးရူးပြန်ကာကွယ်ဆေးရရှိရန် ခက်ခဲခြင်းနှင့် ဈေးနှုန်းကြီးမြင့်မှုတို့ကြောင့် သေဆုံးသူ အရေအတွက်တိုးလာနိုင်ကြောင်း အာဏာပိုင်များက သတိပေးထားသည်။ သွေးစုပ် လင်းနို့များကြောင့် သေဆုံးသူကလေးငါးဦးမှာ ပီရူးအမေဇုန်သစ်တောကြီး၏ အရှေ့မြောက်ပိုင်းတွင်နေထိုင်သော တောတွင်းနေ လူမျိုးစုနှစ်စုမှဖြစ်ကြောင်း သိရသည်။

ပီရူးကျန်းမာရေးဝန်ကြီးဌာနက အဆိုပါ ဒေသများသို့ အရေးပေါ်ဆေးဘက်ဆိုင်ရာအဖွဲ့များစေလွှတ်ပေးခဲ့ပြီး လူ ၉၀၀ ကျော်ကို ခွေးရူးပြန်ကာကွယ်ဆေးထိုးနှံပေးခဲ့သည်။ သို့ရာတွင် ကာကွယ်ဆေးထိုးနှံခြင်းမခံရသေးသူ ထောင်ပေါင်းများစွာရှိပြီး အချို့လူမျိုးစုဝင်များကမူ ကာကွယ်ဆေးအထိုးခံရန် ငြင်းဆန်ခဲ့ကြကြောင်း သိရသည်။

သွေးစုပ်လင်းနို့များသည် သဘာဝအားဖြင့် တောရိုင်းတိရစ္ဆာန်ငယ်များနှင့် မွေးမြူရေးတိရစ္ဆာန်ငယ်များကို ရှာဖွေသွေးစုပ်လေ့ရှိသော်လည်း ရံဖန်ရံခါ လူတို့ကိုလည်း အစားအသောက်အလို့ငှာ သွေးစုပ်လေ့ရှိသည်။ အထူးသဖြင့် ၎င်းတို့ရှင်သန်ကျက်စားရာ မိုးသစ်တောများ ဖျက်ဆီးခုတ်ထွင်ခံရသောဒေသများတွင် အဖြစ်များသည်။

အင်တာနက်။

အယ်လ်ခိုင်ဒါများ သိမ်းပိုက်ထားသောမြို့ ယီမင်တပ်ဖွဲ့ဝင်များ ထိုးစစ်ဆင်

ဆာနား စက်တင်ဘာ ၂၃

ယီမင်အစိုးရတပ်ဖွဲ့များက တင့်ကားများ၊ အမြောက်ကြီးများသုံး၍ စစ်သွေးကြွများသိမ်းပိုက်ထားသော မြို့တစ်မြို့ကို ပြန်လည်သိမ်းယူရန် စက်တင်ဘာ ၂၂ရက်က ထိုးစစ်များအဆင့်ဆင့်ဆင်နွှဲခဲ့ရာ ယင်းမြို့တွင်းရှိ အယ်လ်ခိုင်ဒါ စစ်သွေးကြွများကလည်း ပြန်လည်ခုခံလျက်ရှိကြောင်း စက်တင်ဘာ ၂၃ ရက် သတင်းများတွင် ဖော်ပြသည်။

ထွက်ပြေးတိမ်းရှောင်

ရှာဘွားပြည်နယ်တွင်းရှိ ဟော်တားမြို့ကို ယီမင်တပ်ဖွဲ့များက လွန်ခဲ့သည့်သုံးရက်က ဝန်းရံပိတ်ဆို့ထားပြီးနောက် အဆိုပါမြို့မှ မြို့ခံများနှင့် ပတ်ဝန်းကျင်ဒေသတွင် နေထိုင်သူများသည် ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်သွားကြပြီ ဖြစ်သည်။

ယီမင်အစိုးရ၏စစ်ဆင်ရေးသည် အာရေဗီးယန်းကျွန်းဆွယ်မှ အယ်လ်ခိုင်ဒါအဖွဲ့ဟုကျော်ကြားသည့် အကြမ်းဖက်အဖွဲ့ကို အမြစ်ပြတ်နှိမ်နင်းရန် အမေရိကန်နိုင်ငံ၏ အကူအညီဖြင့် တိုးမြှင့်လုပ်ဆောင်ခဲ့သော စစ်ဆင်ရေးတစ်ရပ်ဖြစ်သည်။

ပုန်းအောင်းခုခံ

ယီမင်တပ်ဖွဲ့ဝင်များသည် ဟော်တားမြို့အနီးရှိ ကျေးရွာတစ်ရွာတွင် ပုန်းအောင်းခုခံနေသော အယ်လ်ခိုင်ဒါစစ်သွေးကြွများကို ရဟတ်ယာဉ်များအသုံးပြု၍ ရှင်းလင်းရန်ကြိုးစားခဲ့သော်လည်း ပြင်းထန်သောခုခံမှုများကို ရင်ဆိုင်ခဲ့ရကြောင်း ဒေသခံတစ်ဦးက ပြောသည်။

စက်တင်ဘာ ၁၈ ရက်ကစ၍ ဖြစ်ပွားခဲ့သော တိုက်ပွဲများအတွင်း အယ်လ်ခိုင်ဒါစစ်သွေးကြွလေးဦးနှင့် အရပ်သားတစ်ဦး သေဆုံးကြောင်း ရှာဘွားပြည်နယ်တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ယင်းတိုက်ပွဲများအတွင်း ယီမင်တပ်ဖွဲ့ဝင် ကိုးဦး ဒဏ်ရာရခဲ့သော်လည်း စစ်သွေးကြွဟု ယူဆရသူ ၂၀ ကျော်ကို ဖမ်းဆီးနိုင်ခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။ **အေပီ။**

ဇီဝမျိုးစုံမျိုးကွဲများ ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းသစ်များ ရှာကြံရန်လို - ဘန်ကီမွန်း

ကုလသမဂ္ဂ စက်တင်ဘာ ၂၃ - သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှု၊ သစ်တောပြုန်းတီးမှုနှင့် ရာသီဥတုပြောင်းလဲမှုများကြောင့် ဇီဝမျိုးစုံမျိုးကွဲများ ဆုံးရှုံးပျောက်ကွယ်မှုနှင့် ပတ်သက်၍ ကမ္ဘာ့နိုင်ငံများအနေဖြင့် အလေးအနက်ထား ကိုင်တွယ်သင့်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ကုလထိပ်သီးညီလာခံတစ်ခု၌ စက်တင်ဘာ ၂၂ရက်တွင် ပြောကြားသည်။

နှစ်စဉ် ကျင်းပမြဲဖြစ်သော ကုလသမဂ္ဂ အထွေထွေညီလာခံသို့ တက်ရောက်လာကြသည့် ကမ္ဘာ့ခေါင်းဆောင်များသည် ဇီဝမျိုးစုံမျိုးကွဲများပျောက်ကွယ်မှုဆိုင်ရာ ပြဿနာနှင့်ပတ်သက်၍ ကမ္ဘာလုံးဆိုင်ရာလှုပ်ရှားမှုများကို အရှိန်အဟုန်မြှင့်တင်ရန် နည်းလမ်းရှာဖွေလျက်ရှိသည်။

ကမ္ဘာပေါ်ရှိ ဇီဝမျိုးစုံမျိုးကွဲများ ဆုံးရှုံးပျောက်ကွယ်မှုကို ၂၀၁၀ ခုနှစ်တွင် လျှော့ချမည့်ရည်မှန်းချက်သည် အောင်မြင်ခဲ့ခြင်းမရှိကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က ပြောကြားသည်။

လူသားတို့သည် သဘာဝဂေဟစနစ်အပေါ် အကြွေးတင်ခဲ့ပြီဖြစ်ကြောင်း၊ အချိန်မနှောင်းမီ ဇီဝမျိုးစုံမျိုးကွဲများ ကာကွယ်ထိန်းသိမ်းမှုကို အသွင်သစ်ဖြင့် ပြောင်းလဲကိုင်တွယ်ရန်လိုအပ်ကြောင်း ကုလအကြီးအကဲက ဆိုသည်။

ကုလသမဂ္ဂထုတ်ပြန်ချက်အရ လွန်ခဲ့သော နှစ်ပေါင်း ၆၅ သန်းက ဒိုင်နိုဆောသတ္တဝါကြီးများ ပျောက်ကွယ်ခဲ့ပြီးနောက်ပိုင်း အဆိုးရွားဆုံး ဇီဝမျိုးစုံမျိုးကွဲများ ပျောက်ကွယ်မှုပြဿနာကို ကမ္ဘာ့နိုင်ငံများ ရင်ဆိုင်နေကြရပြီဖြစ်ကြောင်း သိရသည်။

အမ်အင်အေ၊ ရိုက်တာ။

တရုတ်နိုင်ငံ ကွမ်တုံပြည်နယ်၌ မုန်တိုင်းတိုက်ခတ်မှုကြောင့် ၅၄ ဦး သေဆုံး

ပေကျင်း စက်တင်ဘာ ၂၃ - တရုတ်နိုင်ငံ ကွမ်တုံပြည်နယ်၌ “ဖာနာပီ” တိုင်ဖွန်းမုန်တိုင်းတိုက်ခတ်မှုကြောင့် ရေလွှမ်းမိုးမှုများနှင့် မြေပြိုမှုများဖြစ်ပွားခဲ့ရာ ၅၄ ဦး သေဆုံးကြောင်း တာဝန်ရှိသူများက ယနေ့ ပြောကြားသည်။

မုန်တိုင်းတိုက်ခတ်မှုဒဏ်ကို ဒေသခံပြည်သူ ၁ ဒသမ ၁၆ သန်းကျော် တွေ့ကြုံကြရပြီး မြေနိမ့်အရပ်ဒေသများ၌ နေထိုင်သူ ၇၉၄၀၀ ခန့်ကို ရေဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း ပြည်နယ်ရေလွှမ်းမိုးမှု ထိန်းချုပ်ရေးဌာန၏ ကြေညာချက်ကို ကိုးကားလျက် ချိုင်းနားဒေလီသတင်းစာက ရေးသားဖော်ပြသည်။

ရေဘေးဒဏ်သင့်ပြည်သူများအတွက် ကယ်ဆယ်ရေးပစ္စည်းများကို ရဟတ်ယာဉ်များပေါ်က ချပေးခဲ့သည်။

ဆုံးရှုံး

တိုင်ဖွန်းမုန်တိုင်းတိုက်ခတ်မှုကြောင့် နေအိမ်အလုံးပေါင်း ၁၆၀၀ ကျော် ပျက်စီးခဲ့ရပြီး ကောက်ပဲသီးနှံစိုက်ခင်း ဟက်တာ ၁၅၉၀၀ကျော် ရေနစ်မြုပ်ခဲ့ရကြောင်း၊ မုန်တိုင်း၏ အကျိုးဆက်အဖြစ် ယွမ် ၂ ဒသမ ၁၁ ဘီလီယံဖိုးအထိ စီးပွားရေးအရ ဆုံးရှုံးရကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

တရုတ်နိုင်ငံ အရပ်ဘက်ရေးရာဝန်ကြီးဌာနသည် ကွမ်တုံပြည်နယ်သို့ ရွက်ဖျင်တဲ ၂၀၀၀ နှင့် ခေါက်ခုတင် ၁၀၀၀ ပေးပို့လိုက်ပြီဖြစ်သည်။

ဖာနာပီ တိုင်ဖွန်းမုန်တိုင်းသည် တနင်္လာနေ့ နံနက်က ဖူကျန့်ပြည်နယ်၌ တိုက်ခတ်ခဲ့သော်လည်း ထိခိုက်သေဆုံးမှု မရှိခဲ့ပေ။

အမ်အင်အေ၊ ဆင်ဟွာ။

အာတိတ်နယ်မြေပိုင်ဆိုင်မှုပြဿနာ ငြိမ်းချမ်းစွာပူးပေါင်းဖြေရှင်းရန် ရုရှားတောင်းဆို



မော်စကို စက်တင်ဘာ ၂၃

စွမ်းအင်ထုတ်လုပ်မှုနှင့် သယ်ယူပို့ဆောင်ရေးကဏ္ဍများတွင် ဗဟိုချက်မ ဖြစ်လာမည်ဟုဆိုကြသော စွမ်းအင်အရင်းအမြစ်ကြွယ်ဝသည့် အာတိတ်ဒေသနှင့် ပတ်သက်၍ ငြိမ်းချမ်းစွာ ပူးပေါင်းဆောင်ရွက်ကြရန် ရုရှားဝန်ကြီးချုပ် ဗလာဒီမာပူတင်က စက်တင်ဘာ ၂၃ ရက်တွင် တောင်းဆိုခဲ့သည်။

အာတိတ်ဒေသကို ငြိမ်းချမ်းရေး ရပ်ဝန်းအဖြစ် ဆက်လက်ထားရှိရန်နှင့် ပူးပေါင်းဆောင်ရွက်ကြရန် အရေးကြီးကြောင်း၊ အာတိတ်ကမ်းဦးရေတိမ်ပိုင်း ပြဿနာအပါအဝင် ပြဿနာအားလုံးကို မိတ်ဆွေစိတ်အရင်းခံ၍ ဖြေရှင်းနိုင်မည်ဟု ယုံကြည်ကြောင်း ကြာသပတေးနေ့က ကျင်းပသည့် မော်စကို နိုင်ငံတကာ အာတိတ်ညီလာခံတွင် ဝန်ကြီးချုပ် ပူတင်က ပြောကြားသည်။

အာတိတ်ဒေသ၌ စစ်ပွဲတစ်ပွဲဖြစ်လာမည်ဟု အနာဂတ် ဟောကိန်းထုတ်နေကြခြင်းသည် လုံးဝအခြေအမြစ်မရှိကြောင်း ၎င်းက အလေးအနက်ပြောသည်။

ကမ္ဘာပေါ်ရှိ ထုတ်ယူခြင်းမပြုရသေးသည့် ရေနံနှင့် သဘာဝဓာတ်ငွေ့ ပမာဏ၏ လေးပုံတစ်ပုံရှိနိုင်သည်ဟု ယူဆရသည့် အဆိုပါဒေသတွင် ရေခဲများ အရည်ပျော်နေခြင်းက အာတိတ်ဒေသကို စူးစမ်းရှာဖွေမှုများ အလျင်အမြန်လုပ်ဆောင်ကြရန် တွန်းအားပေးသကဲ့သို့ ဖြစ်နေသည်။

ရုရှား၊ ကနေဒါ၊ အမေရိကန်ပြည်ထောင်စု၊ ဒိန်းမတ်နှင့် နော်ဝေးနိုင်ငံတို့က ယင်း အာတိတ်ဒေသတွင် နယ်မြေများ အသီးသီးပိုင်ဆိုင်ကြောင်း ကြေညာထားသည်။

အာတိတ်ဒေသ၌ သက်ရောက်သော ကမ္ဘာကြီးပူနွေးလာမှုအခြေအနေသည် အခြားကမ္ဘာ့ဒေသများထက် သုံးဆမျှပိုမြန်ပြီး ရေခဲပြင်များ တစ်စတစ်စ အရည်ပျော်လျက်ရှိရာ တရုတ်နိုင်ငံကဲ့သို့သော နိုင်ငံများကို ယင်းဒေသ၌ သယ်ယူပို့ဆောင်ရေး လမ်းကြောင်းသစ်ကို ဖွင့်လှစ်လာစေရန် ဆွဲဆောင်လျက်ရှိသည်။

အင်တာနက်။

တိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်ဝင်း ဟင်္သာတခရိုင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၂၃

ဧရာဝတီတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်ဝင်းသည် စက်တင်ဘာ ၁၈ ရက်တွင် မြန်အောင်မြို့ နယ်မြေခံတပ်ရင်းရှိ မိသားစုဝင်များ၏ တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေး ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး တပ်ရင်းခန်းမ၌ အရာရှိ စစ်သည်နှင့် မိသားစုဝင်များအား တွေ့ဆုံ အမှာစကားပြောကြားသည်။

တိုင်းမှူးသည် စက်တင်ဘာ ၁၉ ရက်တွင် အင်္ဂပူမြို့နယ် ကွင်းကောက် နယ်မြေခံသင်တန်းကျောင်း၌ လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အရာရှိ စစ်သည်နှင့် အိမ်ထောင်စုဝင်များအား တွေ့ဆုံ အမှာစကားပြောကြားသည်။

ထို့နောက် ပုသိမ်-မုံရွာလမ်း လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက လိုအပ်သည်များ မှာကြားသည်။

ကြည့်ရှုအားပေး

တိုင်းမှူးသည် စက်တင်ဘာ ၂၀ ရက်တွင် တိုင်းစစ်ဌာနချုပ် အားကစားခန်းမ၌ ကျင်းပသော တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး ပြိုင်ပွဲဝင်အသင်းများ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း

(၆၆) ကြိမ်မြောက် ဗဟိုကောင်စီအစည်းအဝေး

၂၀၁၀ ခုနှစ်၊ စက်တင်ဘာလ

(၂၈)-(၂၉) ရက်

အစည်းအဝေးခန်းမ

မြန်မာနိုင်ငံကြက်ခြေနီအသင်းဌာနချုပ်

နေပြည်တော်

ရန်ကုန်မြို့တော်ဝန် ဦးအောင်သိန်းလင်း ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်္ဃန်းကျွန်းမြို့နယ် (ခ)ရပ်ကွက်ရှိ အမှတ်(၁၀) အခြေခံပညာမူလတန်းကျောင်း၌ နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်မည့်မြေနေရာကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ကုန်သည်/စက်မှု အသင်းချုပ်၌ ဟောပြောပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၃

ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်က ကြီးမှူး၍ ဘာသာရပ်ဆိုင်ရာ ဟောပြောပွဲကို အောက်တိုဘာ ၂ ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ အမှတ်(၂၉)ရှိ UMFCCI Office Tower (ပထမထပ်)ခန်းမကြီး၌ ရန်ကုန်တက္ကသိုလ် ဒဿနိကဗေဒဌာန ပါမောက္ခ/ဌာနမှူး(ငြိမ်း) စာရေးဆရာ နန္ဒာသိန်းဇံက "ဟိုအကြောင်း၊ ဒီအကြောင်း၊ လူ့ဘဝအကြောင်း" ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်ရာ အသင်းဝင်များနှင့် စိတ်ပါဝင်စားသူများ မည်သူမဆို တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၃

ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းတွင် မိတ္ထီလာမြို့ လေကြောင်းအတတ်သင် လေတပ်စခန်း၌ ကျင်းပရာ လေကြောင်းအတတ်သင် လေတပ်စခန်း လေတပ်စခန်းမှူးနှင့် မြေပြင်အတတ်သင် လေတပ်စခန်း လေတပ်စခန်းမှူး၊ အရာရှိ၊ စစ်သည်များ၊ ပြိုင်ပွဲဝင်အသင်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး ဗိုလ်လုပွဲယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ကျင်းပရာ ဒုတိယဆုရရှိသည့် အသင်းမှ ကစားသမားများအား လေကြောင်းအတတ်သင် လေတပ်စခန်းအုပ်မှူးက လည်းကောင်း၊ ပထမဆုနှင့် တံခွန်စိုက်ဒိုင်းဆုကြီးကို ဆွတ်ခူးရရှိသွားသော အသင်းအား ကာကွယ်ရေးဦးစီးချုပ်(လေ)ကိုယ်စား လေကြောင်းအတတ်သင် လေတပ်စခန်း လေတပ်စခန်းမှူးက လည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်မြို့တော်ဝန် ဦးအောင်သိန်းလင်း သဃ်္ဃန်းကျွန်းမြို့နယ်၌ နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်မည့်မြေနေရာ ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၂၃

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်းသည် စက်တင်ဘာ ၂၁ ရက်တွင် ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်္ဃန်းကျွန်းမြို့နယ် (ခ)ရပ်ကွက်ရှိ အမှတ်(၁၀) အခြေခံပညာမူလတန်းကျောင်း၌ Great Father Land Construction Decoration Company Limited က ငွေကျပ်သိန်း ၇၀၀ ခန့် အကုန်အကျခံ ဆောက်လုပ်လှူဒါန်းမည့် နှစ်ထပ်ကျောင်းဆောင်သစ် မြေနေရာကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ဒါရိုက်တာ ဒေါ်သူဇာက နှစ်ထပ်ကျောင်းဆောင် ဆောက်လုပ်မည့် အခြေအနေနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး မြို့တော်ဝန်က လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မော်လမြိုင်-မုဒုံ-သံဖြူဇရပ်-ရေး(မလွှဲတောင်) လမ်းပိုင်း ဆောက်လုပ်ရေး ဒုတိယဝန်ကြီး စစ်ဆေး

နေပြည်တော် စက်တင်ဘာ ၂၃

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေသည် စက်တင်ဘာ ၁၉ ရက် နံနက်ပိုင်းတွင် မော်လမြိုင် - မုဒုံ- သံဖြူဇရပ်-ရေး (မလွှဲတောင်) လမ်းပိုင်းတွင် လမ်းတစ်လျှောက် လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး မိုင်တိုင်အမှတ် (၂၆/၃) ရှိ အေးကိုမိသားစု ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်၏ ဝင်းကမော့ ကျောက်ထုတ်စခန်း၌ ကျောက်များကြိတ်ခွဲနေမှုနှင့် မိုင်တိုင်အမှတ်(၃၀/၀) တွင် လမ်းပခုံးချဲ့ခြင်း လုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)**

(သတင်းစဉ်)

မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုး နေပြည်တော်ခရိုင် တပ်ကုန်းမြို့နယ် မီးသတ်စခန်း၌ ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် တပ်ကုန်းမြို့နယ် မီးသတ်စခန်း၌ လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၂၃

မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုးသည် စက်တင်ဘာ ၂၁ ရက် ညနေ ၄ နာရီတွင် နေပြည်တော်ခရိုင် တပ်ကုန်းမြို့နယ် မီးသတ်စခန်းသို့ ရောက်ရှိပြီး မီးသတ်တပ်ဖွဲ့ဝင်အင်အား၊ မီးသတ်ယာဉ်နှင့် မီးသတ်စက်များ၊ မီးသတ်စခန်း၏ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှု၊ မီးသတ်စခန်း အဆောက်အအုံ၊ ဝန်ထမ်းအိမ်ရာနှင့် လူပျိုဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်က မီးသတ်တပ်ဖွဲ့ဝင်တိုင်း မီးငြိမ်းသတ်ရာ၌ မြန်မြန်သိ၊ မြန်မြန်သွား၊ မြန်မြန်ငြိမ်းသတ်နိုင်ရေးအတွက် အသင့်ရှိစေရေး ဆောင်ရွက်ရန်၊ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများအား စိတ်ရှည်ရှည်ထား၍ ထောင့်စေ့အောင် ဆောင်ရွက်သွားရန်၊ သင့်(၄)သင့်ဖြစ်သော လူအသင့်၊ စက်အသင့်၊ စက်သုံးဆီအသင့်၊ ရေအသင့်ရှိစေရန်အတွက် အမြဲတမ်း စစ်ဆေးရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကယားပြည်နယ် ကော်မရှင်အဖွဲ့ခွဲ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများ ရှင်းလင်း

ရန်ကုန် စက်တင်ဘာ ၂၃

ကယားပြည်နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးခင်မောင်ရီသည် စက်တင်ဘာ ၁၉ ရက်တွင် လွိုင်ကော်မြို့နယ် ကော်မရှင်အဖွဲ့ခွဲဝင်များနှင့်အတူ လွိုင်ကော်မြို့နယ် ချိကယ်ကျေးရွာအုပ်စုသို့ သွားရောက်ပြီး ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းမှာကြားသည်။

အဆိုပါရှင်းလင်းပွဲသို့ ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲဝင်များ၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ စုစုပေါင်းအင်အား ၁၀၀ ခန့် တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စာအုပ်စာပေ လူ့မိတ်ဆွေ

ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၌ လူကုန်ကူးမှုတရားခံလေးဦးအား အမှုဖွင့်အရေးယူထား

ရန်ကုန် စက်တင်ဘာ ၂၃

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် ရဲစခန်းက စက်တင်ဘာ ၂၀ ရက်တွင် လူကုန်ကူးမှုဖြင့် တရားခံလေးဦးအား အမှုဖွင့်အရေးယူထားကြောင်း သိရှိရသည်။

ဖြစ်ပွားပုံမှာ ဒလမြို့နယ်နေ အမျိုးသမီးတစ်ဦးက ၎င်းအား ဩဂုတ်လအတွင်းက မမြင့်မြင့်သန်းဆိုသူ အမျိုးသမီးသည် စားသောက်ဆိုင်တွင် တစ်လကျပ်တစ်သိန်းခွဲဖြင့် အလုပ်ရမည်ဟု စည်းရုံးပြောဆို၍ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်ရှိ မလေး(ခ) မခင်မာယုထံ ခေါ်ဆောင်သွားကြောင်း၊ ထို့နောက် နေမျိုးအောင်ဆိုသူက မန္တလေး-လားရှိုး-လောက်ကိုင်မြို့မှတစ်ဆင့် တစ်ဖက်နိုင်ငံ မိန်းတိန်မြို့နေ သန်းလှိုင်ထံ ပို့ဆောင်ခဲ့ကြောင်း၊ သန်းလှိုင်က တစ်ဖက်နိုင်ငံသားတစ်ဦးထံ လွှဲအပ်ရောင်းစားခဲ့သော်လည်း ရဲများ၏ စစ်ဆေးမှုကြောင့် သန်းလှိုင်၏ အိမ်၌ ရက် ၂၀ ခန့် ဆက်လက်နေထိုင်နေစဉ် သန်းလှိုင်နှင့် ဇနီးတို့အား ရဲများက ဝင်ရောက်ဖမ်းဆီးပြီး ၎င်းအား ချင်းရွှေဟော်သို့ ပြန်လည်ပို့ဆောင်ပေး၍ ၎င်းမှတစ်ဆင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရှိရသည်။

ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် ရဲစခန်းက မလေး(ခ) ခင်မာယုအား ၎င်း၏ နေအိမ်၌ ဖမ်းဆီးရမိခဲ့ပြီး ကျန်တရားခံများအား ဖမ်းဆီးရမိရေး ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

ကမ္ဘာလုံးဆိုင်ရာ ကျားကောင်ရေထိန်းသိမ်းရေး နိုင်ငံအားလုံးပါဝင်ဆောင်ရွက်

တက္ကသိုလ် တင်လက်ျာ

"ကျား" ဟု အသံကြားလျှင် သတ္တိရှိလာသည်၊ ရဲရင့်လာသည်ဟု မြန်မာလူမျိုးတို့စိတ်တွင် စွဲမှတ်ယုံကြည်ထားကြပါသည်။ မြန်မာ့သမိုင်း အဆက်ဆက် စစ်သည်တော်များသည် တစ်ဖက်ရန်သူများကို အနီးကပ် တိုက်ပွဲဝင်ရသည့်အချိန်အခါမျိုးတွင် သတ္တိမွေးရန် လိုအပ်သည့်အခါ "ကျား"ဟု အသံထွက်၍ အော်ဟစ်ကြွေးကြော်ပြီး တိုက်ပွဲဝင်တိုက်ခိုက်ကာ အောင်ပွဲခံလေ့ ရှိတတ်ကြပါသည်။ ထို့ကြောင့် လူအများသည် ကျားဟူသည့်အသံကြားလျှင် အသံကြားရာဘက်သို့ အလေးထားအာရုံပြုကြည့်မိသည်မှာ မလွဲဧကန်ပင် ဖြစ်ပါသည်။

မြန်မာ့ရိုးရာဓလေ့အရလည်း မိဘများသည် သားယောကျ်ားလေးများအား စွမ်းရည်သတ္တိနှင့်ပြည့်စုံရန် ကျားကျားလျားလျား ဖြစ်ရမည်ဟု ငယ်စဉ်ကပင် သွန်သင်ခဲ့ကြပါသည်။ ခေတ်အဆက်ဆက် လုပ်ငန်းတာဝန် ဝတ္တရားများ ဆောင်ရွက်ရာတွင် အင်တိုက်အားတိုက် စွဲမြဲစွာ လုပ်ကိုင်နိုင်ရန်အတွက် "**ကျားကုတ်ကျားခဲ**" ဟူသော အသုံးအနှုန်းမှာလည်း မြန်မာဝေါဟာရတွင် လွန်စွာအသုံးပြုခဲ့ကြပါသည်။ သို့အတွက် ကျားဟူသော အသုံးအနှုန်းမှာ လူတိုင်းအတွက် အကျွမ်းတဝင်ဖြစ်သည့် ဝေါဟာရပင်ဖြစ်သည်။

ကမ္ဘာပေါ်ရှိ သက်ရှိသတ္တဝါကျားသည် ကြောင်မျိုးရင်းတွင် ပါဝင်သည့် သတ္တဝါပင်ဖြစ်ပါသည်။ ကြောင်မျိုးရင်းသည် အသားစားသတ္တဝါမျိုးရင်းတွင် ပါဝင်သည်။ မြန်မာစကားပုံတွင် "**ကျားဆရာ ကြောင်**"ဟု အဆိုရှိပါသည်။ အသားစားသတ္တဝါများတွင် စုစုပေါင်းသတ္တဝါ မျိုးရင်း ရှစ်ခု၊ မျိုးစိတ်စုစုပေါင်း ၂၅၂ ခုရှိပြီး ကြောင်မျိုးရင်းတွင် မျိုးစိတ် ၃၆ခု ရှိကြောင်း လေ့လာသိရှိရပါသည်။ ကြောင်မျိုးရင်းတို့သည် ညဥ့်သတ္တဝါများဖြစ်၍ ညဥ့်အခါ အစာလိုက်လံ ရှာဖွေလေ့ရှိကြောင်း တွေ့ရှိရပါသည်။ သို့ရာတွင် အချို့မှာမူ နေ့အခါတွင်လည်း အစာကို လိုက်လံရှာဖွေကြသည်။ ကြောင်မျိုးရင်းတွင် အကြီးစားများထဲမှ ကျား၊ ခြင်္သေ့နှင့် ချီတာ (Cheetah) ခေါ် အမဲလိုက်ကျားသစ်တို့သည် မြေကြီးပေါ်တွင် နေထိုင်သည့် အလေ့ အထရှိကြသည်။ ကျားသစ်နှင့် ဂျိုက်ဂွါး (Jaguar) မျိုးရင်းဝင်အချို့တို့သည် သစ်ပင် ပေါ်တက်၍ အစာရှာလေ့ရှိကြသည်။ ကျားနှင့် ဂျိုက်ဂွါးတို့သည် ရေကောင်းကောင်း ကူးနိုင်သည့် သတ္တဝါများဖြစ်ကြသည်။ ၎င်းတို့သည် သားကောင်ကို ရေကူး၍လည်း လိုက်လံဖမ်းဆီးနိုင်သည်။ အခြားကြောင်မျိုးရင်းများဖြစ်ကြသည့် ခြင်္သေ့၊ ကျားသစ်နှင့် အခြား ကြောင်မျိုးနွယ် သတ္တဝါများသည် ရေထဲသို့ ဆင်းလေ့ဆင်းထမရှိကြပေ။ အရေးပေါ်၍ ရေမကူးလျှင် မဖြစ်သည့်အခါမှသာ ရေထဲသို့ ဆင်းကူးကြသည်။ ကြောင်မျိုးရင်းဝင်တို့မှာ ဩစတြေးလျနှင့် မဒဂတ်စ်စကာဒေသမှလွဲ၍ ကမ္ဘာ့အနှံ့အပြား တွေ့ရှိနိုင်ပါသည်။

သို့ရာတွင် ယခုအခါ အိမ်မွေးကြောင်များအား ယခင်က ကြောင်မရှိသော ဒေသများသို့ သယ်ဆောင်မွေးမြူလာကြကြောင်းနှင့် ကြောင်မျိုးရင်းဝင်များတို့ကိုလည်း ကမ္ဘာအရပ်ရပ်၌ တွေ့ရှိလေ့လာနိုင်ကြောင်း သိရှိရသည်။ အာဖရိကတိုက်တောင်ပိုင်းတွင် တွေ့ရှိရသော ခြေမည်းကြောင်သည် ကြောင်မျိုးရင်းဝင်တို့အနက် အငယ်ဆုံးသတ္တဝါဖြစ်သည်။ ၎င်းကြောင်သည် အိမ်မွေးကြောင် အရွယ်အစားအဆင့်သာရှိသည်။ ကြောင်မျိုးရင်း မျိုးစုလေးခုရှိရာ (၁) ပင်သီရာ(Panthera)၊ (၂) ဖိလစ်(စ်) (Felis)၊ (၃) နီအိုဖိလစ်(စ်) (Neofelis)၊ (၄)အစီနိုနိတ်(စ်) (Acinonyx) တို့ဖြစ်ကြပါသည်။ ပင်သီရာ မျိုးနွယ်စုတွင် အရွယ်ကြီး၍ ဟောက်တတ်သော ကျား၊ ခြင်္သေ့၊ ဂျိုက်ဂွါးတို့ ပါဝင်ကြသည်။ ဖိလစ်(စ်)မျိုးနွယ်စုတွင် ပူးမား (Puma)နှင့် ကျန်မျိုးရင်းဝင် သတ္တဝါမျိုးမှာ ပင်သီရာမျိုးစုတွင် ပါဝင်သော မျိုးရင်းဝင်များကဲ့သို့ မဟောက်နိုင်ကြကြောင်း တွေ့ရှိရသည်။ နီအိုဖိလစ်(စ်)မျိုးရင်းတွင် အင်းကျား(Neofelis nebulosa) တစ်မျိုးသာ ပါဝင်သည်။ အင်းကျား၏ ဦးခေါင်းသည် ကျားသစ်ခေါင်းနှင့် တူသော်လည်း ၎င်း၏ အခြားသော အင်္ဂါအစိတ်အပိုင်းများသည် ကြောင်မျိုးရင်းဝင်ငယ်များနှင့် တူကြသည်။

ကြောင်မျိုးရင်းဝင်တို့အနက် ကျားနှင့် ခြင်္သေ့တို့သည် အကြီးဆုံးသတ္တဝါများဖြစ်သည်။ ကျားသည် သတ္တိရှိသော တိရစ္ဆာန်မျိုးစုဖြစ်သည်။ ခြင်္သေ့အား တိရစ္ဆာန်များ၏ဘုရင်၊ တောတို့၏ဘုရင်ဟု အချို့က တင်စားခေါ်ဝေါ်သုံးစွဲလေ့ရှိကြရာ ကျားသည်လည်း တိရစ္ဆာန်တို့၏အရှင်ဟု ခေါ်ဝေါ်ပါက မှားနိုင်ဖွယ်မရှိပေ။ ကျားသည် တောတွင်းနှင့် အချို့နေရာများ၌ ဆင်၊ ကြံ့၊ ပြောင်၊ တောကျွဲ အပါအဝင် မည်သည့်တိရစ္ဆာန်ကိုမဆို တိုက်ခိုက်တတ်သည့် အလေ့အထရှိကြသည်။ ဆင်နှစ်ကောင်၏အင်အားဖြင့် ဆွဲရလောက်သည့် ပြောင်ထီး အသေတစ်ကောင်ကို ကျားသည်ကိုက်ချီ၍ အကွာအဝေးအတော်များများသို့ ဆွဲသွားနိုင်သည်။ ၎င်းအပြင် ကျားသည် နွားခြံအတွင်းခုန်ဝင်၍ နွားမတမ်းတစ်ကောင်ကို ကိုက်ချီပြီး ခြံအတွင်းမှ ခုန်ထွက်သွားနိုင်သည်။ ထို့ကြောင့် မြန်မာစကားပုံ၌ "**ကျားသနားမှ နွားချမ်းသာမည်**" ဟု အဆိုရှိပါသည်။ ကျားတို့သည် ဝမ်းဆာလောင်လာသည့်အခါ အရွယ်ရောက်သော ဆင်ပေါက် သို့မဟုတ် ပြောင်ကြီးတစ်ကောင်ကိုပင် တိုက်ခိုက်ရန် ဝန်လေးမှုမရှိပေ။

ကျားထီးနှင့်ကျားမတို့၏ အလေ့အထ

ကျားတို့သည် တောအုပ်ကြီးများအတွင်း ရေနှင့်နီးစပ်သောနေရာတွင် ကျက်စားလေ့ရှိသည်။ သာမန်အားဖြင့် ကျားထီးကျက်စားသော ဒေသများသည် ၎င်းတို့အတွက် လုံခြုံမှုအားနည်းသောဒေသများ ဖြစ်သည်။ ကျားထီးသည် ၎င်းကျက်စားသည့်ဒေသအတွင်းသို့ အခြားကျားထီးများ ဝင်ရောက် ကျူးကျော်ခြင်း မပြုနိုင်အောင် သူ့နယ်ပယ်ကို သူကာကွယ်လေ့ရှိကြသည်။ ကျားမများသည် ၎င်းကျားထီးများ ကျက်စားသော ဒေသများတွင် ကျက်စားသည်။ ကျားကလေးများသည် နှစ်နှစ်၊ သုံးနှစ်အရွယ်အထိ မိခင်ကျားမကြီးနှင့် အတူတကွ ကျက်စားလေ့ရှိသည်။ ထိုအရွယ်မတိုင်မီ ကျားငယ်များသည် မိခင်ကျားမကြီးနှင့် ခွဲထွက်သွားပါက ကျားထီးများက ကိုက်သတ်မည့် အန္တရာယ်ရှိသောကြောင့်ဖြစ်သည်။

ကျားများ၏အစာရှာဖွေ ဖမ်းယူမှုအလေ့အထ

များသောအားဖြင့် ကျားများသည် တိရစ္ဆာန်အကောင်ငယ်များရလျှင်ပင် တင်းတိမ်စွာ စားသောက်လေ့ရှိသည်။ ၎င်းတို့၏အစာဖြစ်သော တိရစ္ဆာန်အကောင်ငယ်ကို ဖမ်းယူရာတွင် ဖမ်းယူလိုသော တိရစ္ဆာန်အုပ်စုမှ ၎င်းအား မမြင်အောင် ခြေလုံလက်လုံဖြင့် မလှမ်းမကမ်းမှ လိုက်လေ့ရှိသည်။ ၎င်း တိရစ္ဆာန်အုပ်စုအတွင်းမှ အကောင်ငယ်အချို့ နှေးကွေးစွာလိုက်နေသည့် အချိန်ဖြစ်စေ၊အုပ်စုအတွင်းမှ ခွဲထွက်မိသည့်အခါဖြစ်စေ ကျားသည် ၎င်းတိရစ္ဆာန်၏ နောက်ကွယ်မှ ပုန်းလျှိုးကွယ်လျှိုးလိုက်လာပြီး ၎င်းတိရစ္ဆာန်၏ လည်ပင်းကို တစ်ချက်တည်းကိုက်၍ အမြန်ဆုံးသတ်ဖြတ်သည့် အလေ့အထရှိသည်။ ထို့ကြောင့် မြန်မာစကားပုံတွင် "**နွားကွဲလျှင် ကျားဆွဲတတ်သည်**"ဟူသော အဆိုရှိကြသည်။ ကျားသည် ပြောင် သို့မဟုတ် တိရစ္ဆာန်ကြီးများကို တိုက်ခိုက်သည့်အခါ ရင်ဆိုင်တိုက်ခိုက်မှုကို ရှောင်ရှားကြပြီး ၎င်းသတ္တဝါကြီး၏နောက်ကျောမှ လျှပ်တစ်ပြက်ဝင်၍ နောက်ခြေစုံ၏အထက် ဒူးခေါင်းကြောကို ကိုက်ဖြတ်၍ ခြေထောက်ကိုချိုးလေ့ရှိသည်။ ဤနည်းဖြင့် ကျားသည် ၎င်းထက်အင်အားကြီးသောသတ္တဝါများ အားနည်းစေရန် နည်းဗျူဟာ သုံးတိုက်ခိုက်ကာ နောက်ဆုံးအဆင့် ၎င်းသတ္တဝါကြီးများ၏ လည်မျိုကို ကိုက်၍ သတ်လေ့ရှိသည်။

မျိုးသုဉ်းပျောက်ကွယ် သွား နိုင် သည့် ကျား သတ္တဝါများ ကောင်ရေ တိုးပွားလာ စေ ရန် အ တွက် ဟူး ကောင်း တောင်ကြားဒေသရှိ ကမ္ဘာ့ အကြီးဆုံး ကျား ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းတွင် မြန်မာ ကျားကို ဤသို့ စောင့်ရှောက်ထားလျက်ရှိသည်။

ကျားများ၏သဘာဝသားကောင်များနှင့် လူသားစားကျား

ကျားများ၏ သဘာဝသားကောင်များမှာ ဆတ်၊ ဝက်၊ စိုင်၊ ပြောင်၊ ကျွဲရိုင်းနှင့် သမင်မျိုးရိုးဝင်များဖြစ်ကြသည်။ သို့ရာတွင် ၎င်းတိရစ္ဆာန်များ ရှာဖွေရန်ခက်ခဲလာသည့်အခါ အနီးပတ်ဝန်းကျင်ရှိ ငှက်၊ ဖား၊ တွားသွားသတ္တဝါများအား ဖမ်းဆီးစားသောက်လေ့ရှိသည်။ ကျားတို့သည် အစာရှာဖွေရန် သတ္တဝါရှားပါးလာသည့်အခါ ဖြူကိုပင်အလွတ်မပေးဘဲ ၎င်း၏လက်ဝါးဖြင့် ပြင်းထန်စွာ ပုတ်ခတ်ဖမ်းဆီးစားသောက်လေ့ရှိသည်။ ထိုအခါ ကျားသည် ဖြူသေကိုရသော်လည်း ၎င်းလက်၌ ဖြူဆူး ကျိုးကျန်ခဲ့သဖြင့် ဖြူဆူးမှ အဆိပ်သင့်၍ ဒဏ်ရာရကာ အနာဖြစ်လေ့ရှိကြသည်။ ထိုအခါ ၎င်းကျားသည် လက်မစွမ်းမသန်ဖြစ်လာသဖြင့် သားကောင်ငယ်ကိုပင် လိုက်လံဖမ်းဆီးနိုင်ခြင်း မပြုနိုင်တော့ပေ။ ထိုအခါ ၎င်းကျားသည် လူတို့နေထိုင်သော ရွာနီးချုပ်စပ်တွင် ကျက်စား၍ ရွာထဲရှိ ကျွဲ၊ နွား၊ ဆိတ်တို့အား လွယ်ကူစွာ ဖမ်းယူစားသောက်လေ့ရှိပြီး အခြေအနေထပ်မံပေးလာပါက လူကိုပင် ဖမ်းယူ စားသောက်သည့် လူသားစားကျား ဖြစ်လာကြသည်။

ကျားတို့၏အစာစားမှုအလေ့အထ

ကျားသည် ယေဘုယျအားဖြင့် မိမိ၏သားကောင်ကို တင်ပါးဆုံမှစ၍ စားလေ့ရှိပြီး အစာအိမ်နှင့် အူမတို့ကိုဘေးဖယ်၍ စားသောက်လေ့ရှိသည်။ ကျားထီးသည် များသောအားဖြင့် သားကောင်အသေ၏ အမြီးပိုင်းကို ကျားမနှင့် သားငယ်တို့စားရန်အတွက် ချန်ထားလေ့ရှိသည်။ သို့ရာတွင် ၎င်းကျားသည် နောက်တစ်နေ့ညမိုးချုပ်သန်းခေါင်အချိန်တွင် ဒုတိယအကြိမ် ၎င်းသားကောင်အသေအား ပြန်လည်စားသောက်ရန် လာလေ့ရှိသည်။ ပထမ ညတွင် ၎င်းသားကောင်အား အဝစားမထားပါက အချိန်စော၍ ပြန်လာနိုင်သည်။ ကျားတို့သည် လတ်ဆတ်သော အသားထက် ပုပ်၍ပျော့အိနေသော အသားကို ပို၍ကြိုက်နှစ်သက်သည်။ ကျားသည် တစ်ကြိမ်လျှင် အမဲသား ပေါင် ၄၀ မှ ပေါင် ၅၀အထိ တစ်နာရီအတွင်း စားသောက်နိုင်ကြောင်း လေ့လာတွေ့ရှိရသည်။

ကျား၏အနံ့ခံမှု၊ အမြင်စွမ်းရည်နှင့်အသံ

ကျားသည် အနံ့ခံစွမ်းရည်ညံ့သည်။ သို့ရာတွင် အမြင်စွမ်းရည်နှင့် အသံအကြားစွမ်းရည် အလွန်ကောင်းသည်။ ကျားသည် သားကောင်ကို ချောင်းမြောင်းသည့်အခါ သို့မဟုတ် ၎င်းကိုက်သတ်ထားသော သားကောင်အနီးသို့ ချဉ်းကပ်သည့်အခါ ၎င်း၏ဦးခေါင်းအား မြေကြီးသို့စိုက်၍ ချဉ်းကပ်လေ့ရှိသည်။ ၎င်းကဲ့သို့ ပြုလုပ်ခြင်းသည် မြေကြီးမှလာသော အသံများကို နားဖြင့်ဖမ်းယူရန်၊ ရွာများနှင့်နီးလျှင် လူနှင့်ကျွဲနွားတို့၏ အနံ့ကိုခံရန်ဖြစ်သည်။

ကျားသည် အသံအမျိုးမျိုးပြုတတ်သည်။ ယေဘုယျအားဖြင့် ညနေ မိုးမချုပ်မီတစ်ကြိမ်၊ နံနက်မိုးမလင်းမီတစ်ကြိမ် မှန်မှန်ဟောက်လေ့ရှိသည်။ တောအတွင်း ကျားဟောက်သံကို နှစ်မိုင်ခန့် အကွာအဝေးမှ ကြားနိုင်သည်။ များသောအားဖြင့် ကျားမများသည် အစာရှိရာသို့ ကျားပေါက်များကို ခေါ်ဆောင်ရာတွင်လည်းကောင်း၊ မိတ်လိုက်ချိန်တွင် ကျားကြီးများ ကြားနိုင်ရန်လည်းကောင်း ဟောက်တတ်သည်။ ကျားတို့သည် အနှောင့်အယှက်ပြုခြင်းခံရသောအခါ (သို့မဟုတ်) တိုက်ခိုက်ခြင်း ပြုခံရသောအခါတွင် အသံတစ်မျိုး ဖြင့်လည်းကောင်း၊ အံ့အားသင့်သော အခါတွင်လည်း အသံတစ်မျိုးဖြင့် လည်းကောင်း၊ မိုးချုပ်သောအခါ၊ ဝမ်းနည်းသောအခါ၊ သမ်းဝေသောအခါတွင်လည်း အသံတစ်မျိုးဖြင့်လည်းကောင်း ဟိန်းဟောက်တတ်သည်။

ကျားတစ်ကောင်နှင့်တစ်ကောင် တွေ့သောအခါ လေမှုတ်ထုတ်သော အသံဖြင့် နှုတ်ဆက်လေ့ရှိသည်။ များသောအားဖြင့် ကျားမနှင့် ၎င်းကျားလေးများ တွေ့ဆုံသောအခါ ယင်းအသံမျိုးဖြင့် အသံပေး နှုတ်ဆက်လေ့ရှိသည်။ ကျားသည် များသောအားဖြင့် အနှောင့်အယှက်ခံရသည့်အချိန်တွင် 'တစ်' ဟူသော အသံကို ပြုလေ့ရှိကြသည်။ မြန်မာစကားပုံတွင်" **ကျား မရဲလျှင် တစ်သည်၊ လူ မရဲလျှင် ဟစ်သည်**" ဟု ဆိုရိုးစကားရှိသည်။

(ဆက်လက်ဖော်ပြပါမည်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၄-၉-၂၀၁၀ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော်ဟောကြား တော်မူသော ဥပ္ပါတသန္တိပါဠိတော်
၇း၃၀ ၂။ နံနက်ခင်းသတင်း
၇း၄၀ ၃။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
၇း၅၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၈း၀၀ ၅။ အတီးပြိုင်ပွဲ
၈း၁၀ ၆။ ကြေးမုံရိပ်သွင်တေးနုယဉ်
၈း၂၀ ၇။ ကွမ်းတောင်-ပုဏ္ဏားကျွန်း-ယိုးတရုတ်ရထားလမ်းပိုင်း
၈း၃၀ ၈။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈း၄၀ ၉။ International News
၈း၄၅ ၁၀။ တေးဂီတအစီအစဉ်
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၃း၀၀ ၁။ AFC President's Cup 2010 ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (အကြိုဗိုလ်လုပွဲ) ပွဲစဉ်(၁) [FC Vakhsh (TJK) Vs Yadanabon (MYA)]
၅း၀၀ ၂။ နှောင်းခေတ်တေးပဒေသာ
၅း၁၀ ၃။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅း၂၀ ၄။ "မင်းမသိသေးပါဘူးကွာ"
၅း၃၀ ၅။ "ရိုးသားဖြူစင်ကလေးတို့အသွင်"
၆း၀၀ ၆။ ညနေခင်းသတင်း
၆း၁၅ ၇။ မိုးလေဝသအခြေအနေ
၆း၂၀ ၈။ ရသစုံလင် အင်တာနက်ဥယျာဉ်
၇း၀၀ ၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ဆူးလွှမ်းသောချစ်နှင်းဆီ" (ဒုတိယတွဲ) (အပိုင်း-၃၇)**
၈း၀၀ ၁၀။ ပြည်တွင်းသတင်း
၁၁။ နိုင်ငံရေးပါတီများ၏ ဟောပြောချက် အစီအစဉ်
၁၂။ နိုင်ငံတကာသတင်းများ
၁၃။ မိုးလေဝသအခြေအနေ
၁၄။ "လျှပ်တစ်ပြက်ဟာသများ"
၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သူ့နယ်နိမိတ်" (ပထမတွဲ) (အပိုင်း-၂၄)**
၁၆။ သီချင်းချစ်သူ **(အထူးအစီအစဉ်) (အပိုင်း-၃)**
၁၇။ အစီအစဉ်ပြီး၏။

ဝန်ကြီး ဦးဇော်မင်းအား တရုတ်ညွှေ့အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၂၃

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Power Investment Corporation (CPI) မှ Vice President Mdm. Zhang Xiaolu နှင့်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး၏ ညှိနှိုင်းခန်းမ၌ လာရောက်တွေ့ဆုံ၍ ပူးပေါင်းဆောင်ရွက်လျက်ရှိသော ရေအားလျှပ်စစ်စီမံကိန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ထိုသို့ တွေ့ဆုံရာ၌ ဒုတိယဝန်ကြီး ဦးမျိုးမြင့်၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Power Investment Corporation (CPI) မှ အင်ဂျင်နီယာချုပ် Mr. Xia Zhong၊ CPI Yunnan International Power Investment Co., Ltd. မှ အထွေထွေမန်နေဂျာ Mr. Li Guanghua နှင့်အဖွဲ့ဝင်များ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Power Investment Corporation (CPI) မှ Vice President Mdm. Zhang Xiaolu နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။
(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၄-၉-၂၀၁၀ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ တရားတော်
၇း၁၀ ၃။ လယ်တီဆရာတော်ကြီး၏ထေရုပ္ပတ္တိ -ရေးဖွဲ့သီရာစာကဗျာလင်္ကာ(အပိုင်း-၂)
၇း၁၅ ၄။ ဓမ္မပူဇာတေး
၇း၂၀ ၅။ မျိုးချစ်တပ်မတော်
၇း၂၅ ၆။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၄၀ ၃။ မြတ်နိုးကြစေ အမျိုးသားအမွေ
၄း၄၅ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၅၀ ၅။ မဟာဂီတချိုကြည်မြ
၅း၀၀ ၆။ မျိုးချစ်တပ်မတော်
၅း၀၅ ၇။ ရင်မှာစွဲလင်းတော်ဝင်ပန်း
၅း၁၅ ၈။အလွမ်းတေးပန်းချီ ချစ်သူဆီ
၅း၂၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀ ၁၀။ သဘာဝပတ်ဝန်းကျင်နှင့် တောတွင်းတိရစ္ဆာန်များ -ကိုရီးယားကျားသစ်များ (အပိုင်း-၃)
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆း၂၅ ၁၃။ လျှပ်တစ်ပြက်
၆း၃၀ ၁၄။ "ရွာ"ဟာသဇာတ်လမ်းတွဲ -တစ်ရွာမပြောင်း (အိုင်းလောင်၊ပန်းသော်တာ) (ဒါရိုက်တာ-မိုးဇော်ကို)
၆း၅၀ ၁၅။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၇း၀၀ ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -စိမ်းရောင်ခြယ် လှည်းကလေး(အပိုင်း-၅၂)**
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ နိုင်ငံတကာသတင်း
၁၉။ မိုးလေဝသသတင်း
၂၀။ အမျိုးသားရေးတေးကဗျာ
၂၁။ ရှင်သန်နေသောသီချင်းများ
၂၂။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -တိမ်လွှာကြားက သိုင်းသမား(အပိုင်း-၁၈)**
၂၄။ ကျန်းမာခြင်းရဲ့လျှို့ဝှက်ချက်
၂၅။ မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ ဂုဏ်ပြုအစီအစဉ် -ရေဆုံးမြေဆုံး (အပိုင်း-၁)
၂၆။ သင့်အတွက်မနက်ဖြန်
၂၇။ အပိတ်နှုတ်ဆက်စကား
၂၈။ ပြီးပါပြီ။

Glory မှ အင်ဂျင်နီယာဒီပလိုမာကျောင်းသားနှစ်ဦး ကမ္ဘာ့အဆင့် ရွှေတံဆိပ်ဆုရရှိ

နေပြည်တော် စက်တင်ဘာ ၂၃

GLORY အင်ဂျင်နီယာနှင့် အသက်မွေးဝမ်းကျောင်း အတတ်ပညာသင်တန်းကျောင်းမှ မောင်နေမင်းထွန်းနှင့် မောင်စိုင်းခမ်းလုံတို့သည် City and Guilds (UK) မှ စစ်ဆေးသော စာမေးပွဲတွင် ကမ္ဘာ့အမှတ်အများဆုံးရရှိခဲ့သဖြင့် ရွှေတံဆိပ်ဆုကို ဆွတ်ခူးရရှိခဲ့ကြောင်း၊ အဆိုပါ ကျောင်းသားနှစ်ဦးသည် လန်ဒန်သို့သွား၍ ဆုလက်ခံယူရမည့် International Lion Award ဆုဆန်ခါတင်စာရင်းတွင်လည်း ပါဝင်ခဲ့ကြောင်းသိရသည်။

ရွှေတံဆိပ်ဆုပေးပွဲ အခမ်းအနားကို စက်တင်ဘာ ၄ ရက်တွင် Strand Hotel ၌ကျင်းပခဲ့ပြီး City and Guilds မှ Regional Director, Mr.Ian Oswin Noronha က ကျောင်းသားများအား ဆုချီးမြှင့်ပေးအပ်ပြီး Glory မှ အင်ဂျင်နီယာဒီပလိုမာလက်မှတ်ရကျောင်းသား ၁၂၈ ဦးအတွက် အောင်လက်မှတ်များကိုပါ ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။

Glory မှ ကျောင်းသားများသည် အဆိုပါဆုကို ဒုတိယအကြိမ်မြောက်ရရှိခြင်းဖြစ်ပြီး ပထမအကြိမ်အဖြစ် ၂၀၀၉ ခုနှစ်တွင် မောင်မင်းစိုက်ချမ်းမွန်က ရရှိခဲ့သည်။

Glory တွင် City and Guilds(UK) ၏ Approved Training Centre ဖြစ်ပြီး ၎င်း၏ သင်ရိုးညွှန်းတန်းအတိုင်း Engineering Diploma (၈)မျိုးနှင့် Advanced Diploma (၅)မျိုး ဖွင့်လှစ်သင်ကြားပြီး Electrical, Electronic, Mechanical,Mechatronic, Civil, Mechanical and Electrical, Refrigeration and Airconditioning, Electrical Installation မိမိနှစ်သက်ရာ ဘာသာကို ရွေးချယ်နိုင်ကြောင်း၊ လက်တွေ့ကျွမ်းကျင်မှုရှိရန် Tools and Instrument ပြည့်ပြည့်စုံစုံဖြင့် လေ့လာသင်ကြားပေးပြီး အခါအားလျော်စွာ စက်ရုံနှင့် လုပ်ငန်းခွင်သို့ လေ့လာရေးခရီးများ ပို့ဆောင်ပေးကြောင်း၊ တန်းခွဲသစ်အဖြစ် ရုံးချိန်အတွင်းတန်းခွဲအပြင် အလုပ်(သို့မဟုတ်) ကျောင်းတစ်ဖက်နှင့် တက်မည့်သူများအတွက် ရုံးချိန်ပြင်ပ အထူးတန်းခွဲပါဖွင့်လှစ်ရန် စီစဉ်ထားကြောင်း၊ အင်ဂျင်နီယာဒီပလိုမာအပြင် အသက်မွေးဝမ်းကျောင်းအတတ်ပညာရပ်အမျိုးမျိုးကိုလည်း ဖွင့်လှစ်သင်ကြားပေးနေကြောင်း၊ သင်တန်းတက်ရောက်လိုသူများအတွက် -၁၂၅ B ၊ ပထပ် ၃၈ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန် ဖုန်း-၀၁-၃၇၃၄ ၃၁ နှင့် ၀၉-၅၁၉၇၈၁၇၊ Website: www.glory - education.com သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

Good Health ကျန်းမာရေးနှင့် အလှအပဂျာနယ် အမှတ်(၃၀၀)ပြည့် အခမ်းအနားကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၃

၂၀၀၄ ခုနှစ်က စတင်ထုတ်ဝေခဲ့သည့် Good Health ကျန်းမာရေးနှင့် အလှအပဂျာနယ်၏ အမှတ်(၃၀၀)ပြည့် အခမ်းအနားနှင့် ကျန်းမာရေးပညာပေးဟောပြောပွဲကို စက်တင်ဘာ ၁၈ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ကုန်သည်ကြီးများ ဟိုတယ်၌ ကျင်းပခဲ့သည်။

နှုတ်ခွန်းဆက်

ရှေးဦးစွာ စွယ်စုံမီဒီယာဂရု(ပ်)ဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးက နှုတ်ခွန်းဆက်စကားပြောကြားပြီး Good Health ဂျာနယ်အယ်ဒီတာချုပ် ဒေါက်တာခင်မိုးမိုးက အခမ်းအနားကျင်းပရခြင်းကို ရှင်းလင်းပြောကြားသည်။ ထို့နောက် သားဖွားနှင့် မီးယပ်အထူးကုဆရာဝန်ကြီး အငြိမ်းစားပါမောက္ခ ဒေါ်ခင်သိန်းဦးက သားအိမ်ခေါင်း ကင်ဆာအကြောင်း သိကောင်းစရာ ကျန်းမာရေးပညာပေး ဟောပြောကာ ပရိသတ်များ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားသည်။

ယင်းနောက် ဒေါက်တာတင်ထွန်းဦးနှင့် ဒေါက်တာခင်မိုးမိုးတို့က ဟောပြောသည့် ဆရာဝန်ကြီးနှင့် Good Health ဂျာနယ်တွင် အင်တာဗျူးဖြေကြားခဲ့ကြသည့် ဆရာဝန်ကြီးများအား အမှတ်တရဂုဏ်ပြုလက်ဆောင်များ ပေးအပ်ကြသည်။ ဆက်လက်၍ ဒေါက်တာတင်ထွန်းဦးနှင့် ဒေါက်တာခင်မိုးမိုးတို့က Good Health ဂျာနယ်ဝန်ထမ်းများအား ဂုဏ်ပြုဆုငွေကျပ်သိန်း ၃၀ ချီးမြှင့်ကြပြီး ဂျာနယ်ဖြန့်ချိရေး ကိုယ်စားလှယ်ကြီးများအားလည်း ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ကြသည်။

၁၉၈၂ ခုနှစ်က စတင်တည်ထောင်ခဲ့သည့် စွယ်စုံမီဒီယာဂရု(ပ်)သည် သုတစွယ်စုံစာအုပ်တိုက်အနေဖြင့် ပညာပေးစာအုပ်များ ထုတ်ဝေလျက်ရှိသကဲ့သို့ သုတစွယ်စုံမဂ္ဂဇင်း၊ အာရောဂျံကျန်းမာရေးမဂ္ဂဇင်း၊ ပြည်မြန်မာသတင်းဂျာနယ်၊ Good Health ကျန်းမာရေးနှင့် အလှအပဂျာနယ်တို့ကို စဉ်ဆက်မပြတ်ထုတ်ဝေလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပေးအပ်ချီးမြှင့်

၂၀၀၄ ခုနှစ်က စတင်ထုတ်ဝေခဲ့သည့် Good Health ကျန်းမာရေးနှင့် အလှအပဂျာနယ်၏ အမှတ်(၃၀၀)ပြည့် အခမ်းအနားနှင့် ကျန်းမာရေးပညာပေး ဟောပြောပွဲတွင် ဒေါက်တာတင်ထွန်းဦးနှင့် ဒေါက်တာခင်မိုးမိုးတို့က Good Health ဂျာနယ် ဝန်ထမ်းများအား ဂုဏ်ပြုဆုငွေ ကျပ်သိန်း ၃၀ ပေးအပ်ချီးမြှင့်ကြစဉ်။ (သတင်းစဉ်)

ရွှေမြင်းပျံခရီးသည်တင်ယာဉ် အမှုဆောင်သစ်ရွေးချယ်

ရန်ကုန် စက်တင်ဘာ ၂၃

လှိုင်သာယာမြို့နယ် ရွှေမြင်းပျံခရီးသည် သယ်ယူပို့ဆောင်ရေး ၁၂၉ ယာဉ်လိုင်း သမဝါယမအသင်းလီမိတက်၏ ၂၀၀၉ - ၂၀၁၀ ဘဏ္ဍာရေးနှစ် အရပ်ရပ်ဆိုင်ရာ သင်းလုံးကျွတ်အစည်းအဝေးနှင့် အမှုဆောင်အဖွဲ့သစ် ရွေးချယ်တင်မြှောက်ပွဲကို စက်တင်ဘာ ၄ ရက်က အသင်းရုံးခန်းမ၌ ကျင်းပရာ ဥက္ကဋ္ဌ ဦးထင်အေး၊ ဒါရိုက်တာအဖွဲ့နှင့် အသင်းသားစာရင်းစစ်တို့အား ရွေးချယ်တင်မြှောက်၍ ယာဉ်ကြံ့ခိုင်မှုကောင်းသော ယာဉ်ပိုင်ရှင်၊ ပျက်ရက်မရှိ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်တို့အား ဂုဏ်ပြုဆုများချီးမြှင့်ကာ ဥက္ကဋ္ဌသစ်မှ နှုတ်ခွန်းဆက်စကားပြောကြားကြောင်း သိရှိရသည်။ (၃၂၉)

ရန်ကုန်မြို့ ဒဂုံမြို့နယ် ယောမင်းကြီးရပ်ကွက် နဝဒေးလမ်းနေ ကိုကျော်မိုးလွင်၊ မအေးချမ်းမေတို့က (မင်္ဂလာဦးအထိမ်းအမှတ်)အဖြစ် ဆောက်လုပ်လျက်ရှိသော လေးထပ်ဘိုးဘွားဆောင်သစ်၊ ဘိုးဘွားရေလှောင်ကန်နှင့် ဆွမ်းပဒေသာပင်အတွက် ငွေကျပ်သုံးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးချစ်မြိုင်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

သန်လျင်မြို့ ထန်း နှစ် ပင် ရပ်ကွက်အခြေခံပညာမူလတန်းကျောင်း ၏ ၂၀၀၉ - ၂၀၁၀ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁၁ ရက်က ကျင်းပရာ သူငယ်တန်းမှ စတုတ္ထတန်းအထိ ပညာရည်ချွန် ပထမဆုနှင့် မြို့နယ်ပညာရေး အုပ်စု (၆)၊ သိပ္ပံဘာသာရပ် ထူးချွန်ဆုရရှိသော မသင်းရနံ့ဖူးအား ကျောင်းအုပ်ဆရာကြီး ဦးစိန်ဝင်း ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (ပညာရေး)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

သတိပေးနှိုးဆော်ချက်

ယာဉ်မတော်တဆဖြစ်ပွားမှုများအား လေ့လာရာတွင် ယာဉ်မောင်းသူတို့၏ ပေါ့ဆမှုတို့ကြောင့်ဖြစ်ပွားသကဲ့သို့ လမ်းအသုံးပြုသူ(ခြေကျင်သွားလာသူ)များ၏ စည်းကမ်းမလိုက်နာမှုများကြောင့်လည်း ဖြစ်ပွားခဲ့သည်ကို တွေ့ရှိရပါသည်။

လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် ယာဉ်များအတွက် မီးစိမ်းထားချိန်တွင် လမ်းသွားလမ်းလာများအနေဖြင့် လမ်းဖြတ်ကူးခြင်းမပြုဘဲ စောင့်ဆိုင်းရန်နှင့် ယာဉ်များမှလည်း လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် အရှိန်လျှော့မောင်းနှင်ရန် လိုအပ်ပါသည်။

လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များအနေဖြင့်လည်း လူကူးမျဉ်းကျားမှသာ အချက်ပြထိန်းသိမ်းမှုအတိုင်း စနစ်တကျ လမ်းဖြတ်ကူးကြရန်နှင့် အချက်ပြထိန်းသိမ်းမှု မရှိသောနေရာများမှ လမ်းကူးပါက **"ဘယ်ကြည့်၊ ညာကြည့်၊ ဘယ်ပြန်ကြည့်၊ ညာပြန်ကြည့် လမ်းရှင်းမှကူး"** စနစ်ဖြင့် သွားလာကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

❑ ကမ္ဘာကြီးမှ

ရုပ်ကြွင်းလောင်စာ သယံဇာတများ ကမ္ဘာမြေပေါ်မှ ကွယ်ပျောက်သွားကြတော့မည်။ သိပ္ပံပညာရှင်များ၏ သုတေသနပြု ခန့်မှန်းချက်များအရ ရေနံသိုက်ကြီးများသည် နောင်နှစ်ပေါင်း (၄၁)နှစ်၊ သဘာဝဓာတ်ငွေ့များသည် (၆၇)နှစ်၊ ကျောက်မီးသွေးတွင်းများသည် (၁၉၂)နှစ်၊ ယူရေနီယမ်သတ္တုသိုက်များသည် (၈၅)နှစ်သာ သုံးနိုင်မည်ဟုဆိုသည်။ ဤစွမ်းအင်အရင်းအမြစ်များ ကွယ်ပျောက်သွားသော်လည်း ကမ္ဘာကြီး၏ စွမ်းအင်လိုအပ်ချက်သည် တိုးမြဲအတိုင်းတိုးနေမည်။

အနာဂတ်ကာလ စွမ်းအင်လိုအပ်ချက်အရ သိပ္ပံပညာရှင်များသည် စွမ်းအင်အရင်းအမြစ်သစ်များကို လွန်ခဲ့သည့် နှစ်ပေါင်းများစွာကပင် ရှာဖွေခဲ့ကြသည်။ အထူးသဖြင့် Renewable Energy ခေါ် စဉ်ဆက်မပြတ်စွမ်းအင်ရရှိနိုင်သော ပြည့်ဖြိုးမြဲစွမ်းအင်များကို ဖော်ထုတ်ကြသည်။ နေ၊ ရေ၊ လေတို့မှ စွမ်းအင်ထုတ်လုပ်နိုင်သည့်အပြင် ပင်လယ်ဒီရေ၊ မြေအောက်အပူဓာတ် စသည်တို့မှ စွမ်းအင်ထုတ်ယူနိုင်ရေး နည်းလမ်းအမျိုးမျိုးဖြင့် ကြံဆကြသည်။ ဤကဲ့သို့ စွမ်းအင်ရရှိရေးနည်းလမ်းအမျိုးမျိုးအနက် နေရောင်ခြည်မှ စွမ်းအင်ထုတ်ယူသုံးစွဲခြင်းသည် အသင့်လျော်ဆုံး၊ အကောင်းဆုံးဖြစ်သည်ကို လက်ခံထားကြသည်။ နေရောင်ခြည်မှထုတ်ယူသုံးစွဲသည့် စွမ်းအင်ကို ဆိုလာစွမ်းအင် (Solar Energy) ဟု ခေါ်ဆိုကြပါသည်။ ဆိုလာစွမ်းအင်သည် နေရာဒေသမရွေး အသုံးပြုနိုင်သည်။ ပုံစံအမျိုးမျိုး သုံးနိုင်သည်။ အခြားပြည့်ဖြိုးမြဲစွမ်းအင်များထက် ကုန်ကျစရိတ်သက်သာသည်။ စဉ်ဆက်မပြတ် သုတေသနပြု တီထွင်မှုများကြောင့် စွမ်းဆောင်နိုင်မှု ပိုမိုမြင့်မားသည့် ဆိုလာပြားများ ထုတ်လုပ်နိုင်သည့်အပြင် ဆိုလာလေယာဉ်ပျံ၊ ဆိုလာကားများ ပေါ်ထွက်လာနေပြီဖြစ်သည်။ ဆိုလာနည်းပညာများမှာ တစ်နေ့တခြား တိုးတက်လာသည်။ ထုတ်လုပ်မှုကုန်ကျစရိတ်များမှာလည်း ပိုမိုသက်သာလာသည်။အနာဂတ်ကာလတွင် ဆိုလာစွမ်းအင်သည် လူသားအားလုံး၏ အဓိကစွမ်းအင်ဖြစ်လာမည်။ကျွန်တော်တို့၏ မျိုးဆက်သစ်များခေတ်တွင် ဆိုလာစွမ်းအင်ကို မလွဲမသွေ သုံးစွဲရပေလိမ့်မည်။

မျိုးဆက်သစ်တို့အတွက် အကောင်းဆုံးအမွေ ဆိုလာစွမ်းအင်

ဖတ်ခဲ့ဖူးသည့် စာတစ်ပိုဒ်ကို ညွှန်း၍ ပြောလိုပါသည်။ ယနေ့ကျွန်တော်တို့ နေထိုင်သည့်ကမ္ဘာကြီးသည် ကျွန်တော်တို့ပိုင်ပစ္စည်းမဟုတ်၊ နောက်မျိုးဆက်သစ်တို့ပိုင်ဆိုင်သည့် ကမ္ဘာကြီးကို ကျွန်တော်တို့ ထိန်းသိမ်းစောင့်ရှောက်ထားရခြင်းဖြစ်သည်ဟု ဖတ်ရဖူးသည်။ နောင်လာမည့်ကျွန်တော်တို့၏ သားစဉ်မြေးဆက်များထံသို့ ကျွန်တော်တို့နေထိုင်သည့် ကမ္ဘာကြီးအား အကောင်းပကတိ လွှဲပြောင်းပေးဖို့ ကျွန်တော်တို့အားလုံးမှာ တာဝန်ရှိသည်။ လက်ရှိအခြေအနေတွင် ကမ္ဘာကြီးသည် ဒဏ်ရာဒဏ်ချက်တို့ဖြင့် ပြည့်နှက်နေသည်။ စက်မှုဖွံ့ဖြိုးတိုးတက်လာခြင်း၏ အကျိုးဆက်ဖြစ်သည်။ စက်မှုဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ လောင်စာစွမ်းအင်သုံးစွဲရခြင်းမှာ အလျှံပယ်ဖြစ်လာသည်။ သုံးစွဲရသည့် ရုပ်ကြွင်းလောင်စာစွမ်းအင်များမှာလည်း ရေနံ၊ သဘာဝဓာတ်ငွေ့၊ ကျောက်မီးသွေးတို့လို ကာဗွန်ဒိုင်အောက်ဆိုဒ် ထုတ်လွှတ်မှုများသည့် လောင်စာစွမ်းအင်များသာ ဖြစ်သည်။ အခြားတစ်ဖက်တွင်လည်း ကာဗွန်ဒိုင်အောက်ဆိုဒ်ထုတ်လွှတ်မှုကို စုပ်ယူနိုင်သည့် သစ်ပင်သစ်တောများမှာ ပြုန်းတီးပျက်စီးမှု များလာသည်။

ကမ္ဘာမြေပေါ်မှထုတ်လွှတ်လိုက်သည့် ကာဗွန်ဒိုင်အောက်ဆိုဒ်သည် ကမ္ဘာ့လေထုထဲတွင်ရှိသည့် အိုဇုန်းလွှာကို ပါးလွှာစေသည်။အိုဇုန်းလွှာသည် နေရောင်ခြည် ကမ္ဘာပေါ်သို့ တိုက်ရိုက်မကျရောက်စေရန် ထိန်းပေးထားသည့် အလွှာဖြစ်သည်။ အိုဇုန်းလွှာပါးလာသည်နှင့်အမျှ ကမ္ဘာမြေပေါ်တွင် အပူရှိန်လွန်ကဲလာသည်။ မြောက်ဝင်ရိုးစွန်း၊ တောင်ဝင်ရိုးစွန်းရှိ ရေခဲပြင်များ၊ ဟိမဝန္တာရေခဲတောင်များ အရည်ပျော်ကုန်သည်။ ရာသီဥတုဖောက်ပြန်မှုဒဏ်များ ခံစားကြရသည်။ မိမိတို့နိုင်ငံ၌ပင် ကြုံတွေ့ခဲ့ရသည့် နာဂစ်ကဲ့သို့သော အဖျက်စွမ်းအားကြီးမားသည့် မုန်တိုင်းများသည် ရာသီဥတုဖောက်ပြန်ခြင်း၏ အကျိုးဆက်ဖြစ်သည်။ သို့ဖြစ်၍ ကမ္ဘာ့နိုင်ငံအသီးသီးသည် လေထုအတွင်းရှိ အိုဇုန်းလွှာ ပါးလွှာပျက်စီးနေခြင်းကို ကာကွယ်ရန် အပူတပြင်းစည်းရုံးလှုံ့ဆော်လျက်ရှိသည်။ အထူးသဖြင့် ကာဗွန်ဒိုင်အောက်ဆိုဒ် ထုတ်လွှတ်မှုကို လျှော့ချနိုင်မှသာ အိုဇုန်းလွှာပါးလွှာမှုကို ထိန်းသိမ်းထားနိုင်မည်။ ကာဗွန်ဒိုင်အောက်ဆိုဒ် ထုတ်လွှတ်မှုများမှာလည်း ရုပ်ကြွင်းလောင်စာစွမ်းအင်သယံဇာတများဖြစ်သည်။ ရေနံ၊ သဘာဝဓာတ်ငွေ့၊ ကျောက်မီးသွေး သုံးစွဲခြင်းများကြောင့် ပေါ်ထွက်လာခြင်းဖြစ်သည်။ ဤရုပ်ကြွင်းလောင်စာစွမ်းအင်များအစား ပြည့်ဖြိုးမြဲစွမ်းအင် (Renewable Energy)များကို အစားထိုးအသုံးပြုရန်လိုသည်။ မျက်မှောက်ခေတ် ပြည့်ဖြိုးမြဲစွမ်းအင်များထဲတွင် နေရောင်ခြည်စွမ်းအင် (Solar Energy) သည် နည်းပညာအရ တိုးတက်မှုအရှိဆုံးဖြစ်ပြီး နေရာဒေသမရွေး ပုံသဏ္ဍာန်မျိုးစုံဖြင့် အသုံးပြုနိုင်သည့်အပြင် ဈေးနှုန်းအနေဖြင့်လည်း လူအများသုံးစွဲနိုင်သည့် အခြေအနေတွင်ရှိသဖြင့် အစားထိုးသုံးစွဲနိုင်ရန် အသင့်လျော်ဆုံးဖြစ်သည်။ ကျွန်တော်တို့နေထိုင်သည့်ကမ္ဘာကြီးအား နောင်မျိုးဆက်သစ်များသို့ အကောင်းပကတိ လွှဲပြောင်းပေးနိုင်ရန် ကျွန်တော်တို့အားလုံး တာဝန်ရှိပါသည်။ ယခုအချိန်ကစ၍ ဆိုလာစွမ်းအင်သုံးစွဲခြင်းသည် နောင်မျိုးဆက်သစ်တို့အတွက် အကောင်းဆုံးအမွေပင်ဖြစ်ပါသည်။

ဆိုလာစွမ်းအင်ဆိုသည်မှာ

ဆိုလာစွမ်းအင်သည် နေရောင်ခြည်မှ လျှပ်စစ်စွမ်းအင်သို့ တိုက်ရိုက်ကူးပြောင်းခြင်းဖြစ်သည်။ ကျွန်ုပ်တို့ဝန်းကျင်ရှိ ပစ္စည်းအချို့သည် နေရောင်ခြည်နှင့်ထိတွေ့ပါက လျှပ်စစ်ဓာတ်အားထုတ်ပေးနိုင်သည့် ဂုဏ်သတ္တိ (Photo Electric Effect) ရှိကြောင်း ၁၉ရာစု အစောပိုင်းကာလများကပင် သိပ္ပံပညာရှင်တို့ သတိပြုမိခဲ့ကြသည်။ အဆိုပါပစ္စည်းများသည် နေအလင်းရောင်တွင် ပါဝင်သည့် Protons များကို စုပ်ယူပြီး လျှပ်စစ်အမှုန်(Electron) များကို ပြန်လည်ထုတ်ပေးသည်။ ဤကဲ့သို့ နေအလင်းရောင်နှင့်ထိတွေ့ရာမှ သဘာဝအလျောက် ထွက်ပေါ်လာသည့် လျှပ်စစ်အမှုန်(Free Electron)များကို စနစ်တကျစုစည်းလိုက်ပါက လျှပ်စစ်စီးကြောင်း(Electric Current) ဖြစ်ပေါ်လာသည့် လျှပ်စစ်စီးကြောင်းကို လျှပ်စစ်စွမ်းအင်အဖြစ် အသုံးချခြင်းဖြစ်သည်။

နေရောင်ခြည်မှ လျှပ်စစ်ဓာတ်အားထုတ်ယူရာတွင် တစ်ပိုင်းလျှပ်ကူးပစ္စည်း (Semi Conductor) များဖြစ်သည့် Silicon, Amorphrous ကဲ့သို့သောပစ္စည်းများကို အသုံးပြုကြသည်။ Solar စွမ်းအင်ကို သိပ္ပံပညာရှင်များက စဉ်ဆက်မပြတ် သုတေသနပြုဖော်ထုတ်ခဲ့ကြရာ ၁၉၅၄ ခုနှစ်တွင် ပထမဦးဆုံးသော Solar Photovotic Module ကို တီထွင်နိုင်ခဲ့သည်။ Solar စတင်တီထွင်နိုင်သည့် အစောပိုင်းကာလများတွင် ပြည်သူလူထု သုံးစွဲနိုင်ခြင်းမရှိဘဲ အာကာသယာဉ်များ၌သာ အသုံးပြုခဲ့သည်။ ၁၉၇၀ ပြည့်နှစ်နောက်ပိုင်းမှသာ လူထုသုံးစွဲသည့်အဆင့်သို့ ရောက်ရှိခဲ့သော်လည်း ဈေးနှုန်းကြီးမြင့်ခြင်းကြောင့် ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲနိုင်ခြင်းမရှိပေ။ ဆက်လက်၍ သုတေသနပြု စမ်းသပ်ခြင်းများကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်ခဲ့ရာ လက်ရှိအခြေအနေတွင် Solar Module များ၏ စွမ်းဆောင်နိုင်မှုမှာ များစွာမြင့်တက်လာခဲ့ပြီး ဈေးနှုန်းများမှာလည်း အများပြည်သူ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲနိုင်သည့် အနေအထားထိ သိသိသာသာ ကျဆင်းလာခဲ့ပါသည်။ သုံးစွဲသည့်နည်းပညာပိုင်း အနေဖြင့်လည်း မော်တော်ကား၊ လေယာဉ်ပျံ စသည့် ယာဉ်များအား Solar စွမ်းအင်ဖြင့် မောင်းနှင်နိုင်သည် အထိ တီထွင်နိုင်ခဲ့ပြီဖြစ်သည်။

Solarစွမ်းအင်သည် နေရောင်ခြည်အပူရှိန်မှ လျှပ်စစ်ဓာတ်အားထုတ်ယူခြင်းမဟုတ်ဘဲ နေအလင်းရောင်မှ ထုတ်ယူခြင်းဖြစ်သည်။ နေအလင်းရောင်ရှိနေသမျှ လျှပ်စစ်ဓာတ်အားရရှိသည်။ နေအလင်းရောင်များများရသည့် မွန်းတည့်ချိန် နေ့လယ်ပိုင်းများတွင် လျှပ်စစ်ဓာတ်အားထုတ်လွှတ်နိုင်မှု အားကောင်းပြီး အလင်းရောင်နည်းသည့် နံနက်စောစောအချိန်များ၊ ညနေ၊နေဝင်ချိန်များ၊ မိုးအုံ့ချိန်၊ မိုးရွာချိန်များတွင် လျှပ်စစ်ဓာတ်အား ထုတ်လွှတ်နိုင်မှု နည်းပါးသည်။ Solar Module များ၏ အရည်အသွေးနှင့် တည်ဆောက်သည့် နည်းပညာအရ လျှပ်စစ်ဓာတ်အားထုတ်လွှတ်နိုင်မှုနှင့် ရေရှည်သုံးစွဲနိုင်မှု ကွာခြားနိုင်ပါသည်။ အချို့အရည်အသွေးနိမ့်သည့် ဆိုလာပြားများသည် နေရောင်ခြည်အပူရှိန်မြင့်မားလွန်းပါက အပူဒဏ်ကို မခံနိုင်ဘဲ ဆိုလာဆဲလ်များ ပျက်စီးခြင်းများ ဖြစ်ပေါ်တတ်သည်။



နောင်အနာဂတ်ကာလတွင် ရုပ်ကြွင်းလောင်စာစွမ်းအင်များ ကုန်ဆုံးမည့် ခန့်မှန်းနှစ်ကာလအပိုင်းအခြား။

ဆိုလာစွမ်းအင်နှင့် တွဲဖက်အသုံးပြုသော ပစ္စည်းများနှင့် သုံးစွဲပုံ

ဆိုလာနှင့် လုံးဝနီးစပ်ကျွမ်းဝင်မှုမရှိသည့် လူအချို့က ဆိုလာပြားဝယ်လိုက်လျှင် တစ်ခါတည်း လျှပ်စစ်ဓာတ်အားသုံးနိုင်ပြီဟု အသိမှားနေခြင်းများ ရှိတတ်သည်။ အမှန်မှာ ဆိုလာပြားများနှင့် တွဲဖက်သုံးစွဲရမည့်ပစ္စည်းများရှိသည်။ ဤပစ္စည်းများမှာလည်း သုံးစွဲလိုသည့် အချိန်အတိုင်းအတာ၊ သုံးစွဲရသည့် ပစ္စည်းအမျိုးအစားများအပေါ် မူတည်ပြီး အမျိုးမျိုးကွဲပြားသည်။ ဆိုလာဆဲလ်များမှ ထွက်ပေါ်လာသည့် လျှပ်စစ်အမှုန်များ လျှပ်စစ်စီးကြောင်းအဖြစ် စုစည်း၍အသုံးပြုရန် Charge Controller ခေါ် ကြားခံထိန်းချုပ်ပစ္စည်းသုံးရသည်။Charge Controller သည် လျှပ်စစ်ဓာတ်အားသွင်းခြင်းနှင့် ဝင်လာသည့် လျှပ်စစ်ဓာတ်အားလက်ခံခြင်း၊ ဖြတ်တောက်ခြင်းများ အလိုအလျောက် ဆောင်ရွက်ပေးသည်။ ဆိုလာစွမ်းအင်သုံးစွဲရာ၌ မပါမဖြစ် အဓိကပစ္စည်းဖြစ်သည်။ Charge Controller အရည်အသွေးပေါ်မူတည်ပြီး ဆိုလာပြားမှထွက်ရှိလာသည့် လျှပ်စစ်ဓာတ်အားလက်ခံရရှိမှု အနည်းအများဖြစ်တတ်သည်။

လျှပ်စစ်ဓာတ်အားပြည့်ချိန်တွင် ထိန်းချုပ်ဖြတ်တောက်ခြင်းများ မလုပ်နိုင်ပါက Battery ကဲ့သို့ ပစ္စည်းများထိခိုက်ပျက်စီးခြင်း၊ အရည်အသွေးနိမ့် Solar အမျိုးအစားများတွင် Solar Cell များ ပျက်စီးခြင်းများ ဖြစ်နိုင်သည်။ သို့ဖြစ်၍ ဆိုလာစွမ်းအင်သုံးစွဲရာတွင် အရည်အသွေး အာမခံချက်ရှိသည့် Charge Controller ကို ရွေးချယ်သုံးစွဲရန်လိုအပ်သည်။ ဆိုလာစနစ်တွင် တွဲဖက်သုံးစွဲရမည့် အခြားပစ္စည်းတစ်မျိုးမှာ Battery ဖြစ်သည်။ Battery သည် လျှပ်စစ်ဓာတ်အားကို အချိန်မရွေးသုံးစွဲနိုင်အောင် အသင့်သိုလှောင်ထားသည့်ပစ္စည်းဖြစ်သည်။

သာမန်အားဖြင့် ဆိုလာမှထွက်ရှိသည့် လျှပ်စစ်ဓာတ်အားသည် နေ့အချိန်၌သာရှိပြီး ညအချိန်၌မရရှိသဖြင့် ညအချိန်သုံးစွဲရာ၌ Batteryကို မဖြစ်မနေသုံးစွဲရသည်။ နေ့အချိန်သုံးစွဲရာတွင်လည်း Solar မှ ထွက်ရှိလာသည့် လျှပ်စစ်ဓာတ်အားသည် တစ်သမတ်တည်း ထုတ်ပေးနိုင်ခြင်းမရှိဘဲ နေအလင်းရောင်ရရှိမှုအပေါ် မူတည်၍ လျှပ်စစ်ဓာတ်အား ထုတ်လွှတ်နိုင်မှု အနည်းအများရှိနိုင်ရာ လျှပ်စစ်ဓာတ်အားကို ပုံမှန်သုံးစွဲနိုင်ရန်အတွက် Battery မှတစ်ဆင့် ရယူအသုံးပြုရသည်။သို့သော်လည်း မဟာဓာတ်အားလိုင်း (National Grid)နှင့် ချိတ်ဆက် သုံးစွဲသည့်စနစ် (On Grid)စနစ်တွင် Battery သုံးရန်မလိုဘဲ နေ့အချိန်တွင် Solarမှ ထွက်ရှိသော လျှပ်စစ်ဓာတ်အားနှင့် မဟာဓာတ်အားလိုင်းမှရရှိသော လျှပ်စစ်ဓာတ်အားများကို လိုအပ်သလို ပေါင်းစပ်အသုံးပြုနိုင်သည်။ အလားတူ နေ့အချိန် ရေတင်သည့် လုပ်ငန်းများတွင်အသုံးပြုသည့် နောက်ဆုံးပေါ် Charge Controller များသည် ဆိုလာမှရရှိသည့် လျှပ်စစ်ဓာတ်အားကို ရေစုပ်စက် Pump များလည်ပတ်အလုပ်လုပ်နိုင်အောင် ထိန်းညှိပေးနိုင်ပြီး အသုံးပြုသည့် Pump များမှာလည်း DC/AC အား နှစ်မျိုးသုံးနိုင်သည့်အတွက် Battery, Inverter များမပါဘဲ ရေတင်ခြင်း၊ ရေစုပ်ခြင်းများကို ကောင်းစွာလုပ်ဆောင်နိုင်သည်။

အထူးသတိပြုရန်မှာ ဆိုလာစနစ် အသုံးပြုရာတွင် သမားရိုးကျအိမ်သုံး၊ ယာဉ်သုံး Battery များကို သုံးစွဲနိုင်သော်လည်း ဆိုလာစနစ်သည် လျှပ်စစ်ဓာတ်အား အသွင်းအထုတ် နေ့စဉ်နှင့်အမျှ ကြိမ်ဖန်များစွာ ပြုလုပ်ရခြင်း၊ Battery အတွင်းသို့ လျှပ်စစ်ဓာတ်အား ပို့လွှတ်ရာတွင် တစ်သမတ်တည်း မရှိဘဲ နေရောင်ခြည်ရရှိမှုပေါ်မူတည်၍ အနိမ့်အမြင့်ဖြစ်ခြင်းများကြောင့် ဆိုလာစနစ်အတွက် ပြုလုပ်ထားသည့် Deep Cycle Battery များ ကိုသုံးစွဲရန် လိုအပ်သည်။ ဆိုလာစွမ်းအင်ကို သုံးစွဲရာတွင်လိုအပ်သော တွဲဖက်ပစ္စည်းတစ်မျိုးမှာ Inventer ဖြစ်သည်။ ဆိုလာစွမ်းအင်မှထွက်ရှိလာသည့် လျှပ်စစ်ဓာတ်အားသည် Direct Current(DC)အား ဖြစ်သည်။

ကျွန်ုပ်တို့ ပတ်ဝန်းကျင်တွင် အမြဲတစေထိတွေ့သုံးစွဲနေရသည့် လျှပ်စစ်ပစ္စည်းအများစုမှာ Alternative Current (AC)အားများ ဖြစ်သည်။ ဆိုလာမှထွက်ရှိလာသည့် DC ဓာတ်စီးပတ်လမ်းများအား AC ဓာတ်စီးပတ်လမ်းအဖြစ် ပြောင်းလဲအသုံးပြုနိုင်စေရန် Inventer ကို အသုံးပြုရခြင်းဖြစ်သည်။ ဆိုလာစွမ်းအင်မှ ထွက်ရှိလာသည့် လျှပ်စစ်အားသည် နေအလင်းရောင် အတက်အကျပေါ်မူတည်၍ အနိမ့်အမြင့်များ ကွာခြားချက်ရှိနေသည့်အတွက် ဆိုလာနှင့် တွဲဖက်အသုံးပြုသည့် Inventer များသည်လည်း လျှပ်စစ်ဓာတ်အား အတက်အကျကို ခံနိုင်ရည်ရှိသည့် အရည်အသွေးမြင့် Inventer များကို အသုံးပြုရန်လိုသည်။ ***(ဆက်လက်ဖော်ပြပါမည်)***

On Grid System

[illegible]	[illegible]	Charge Controller	Battery	Inverter	
[illegible]	AC [illegible]	✗	✗	✓	

Off Grid System

[illegible]	[illegible]	Charge Controller	Battery	Inverter	
[illegible]	DC [illegible]	✓	✓	✗	[illegible] Water Pump [illegible] Battery [illegible]
[illegible]	AC [illegible]	✓	✓	✓	

ဆိုလာနှင့် တွဲဖက်သုံးစွဲရသောပစ္စည်းများ အသုံးပြုပုံဇယား။

အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့

၂၀၁၀ ခုနှစ် အောက်တိုဘာလ (၁) ရက်နေ့

INTERNATIONAL DAY OF OLDER PERSONS

1st October 2010

"TOWARDS A SOCIETY FOR ALL AGES"

တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း တိုက်ကြီးတပ်နယ်ရှိ အရာရှိ၊ စစ်သည် မိသားစုဝင်များနှင့် တွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၂၃

ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်းသည် စက်တင်ဘာ ၂၁ ရက်တွင် တိုက်ကြီးတပ်နယ်ရှိ နယ်မြေခံတပ်ရင်းများမှ အရာရှိ၊ စစ်သည် မိသားစုဝင်များနှင့် တွေ့ဆုံပွဲသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး ချီးမြှင့်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးသည် နယ်မြေခံတပ်ရင်းများ၌ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

တိုင်းမှူးသည် စက်တင်ဘာ ၂၂ ရက်တွင် လှိုင်သာယာမြို့နယ် နယ်မြေခံ တပ်ရင်းခန်းမ၌ အရာရှိ၊ စစ်သည် မိသားစုဝင်များနှင့် တွေ့ဆုံအမှာစကားပြောကြားသည်။

ဆက်လက်၍ တိုင်းမှူးသည် ချီးမြှင့်ပစ္စည်းများပေးအပ်ပြီး စစ်သည် မိသားစုဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ နယ်မြေခံတပ်ရင်း၌ သက်သာ ချောင်ချိရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် မိုးစပါးစိုက်ပျိုးထားရှိမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူတို့အား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စက်တင်ဘာ ၂၃ ရက်က ဆော်ဒီအာရေဗျနိုင်ငံ အမျိုးသားနေ့ ညစာစားပွဲ အခမ်းအနားသို့ တက်ရောက်လာသော ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်းနှင့် ဇနီးတို့အား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီး H.E.Mr. Turki Bin Naji Abdul Kadir Al Ali က ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၄-၉-၂၀၁၀ (သောကြာနေ့)

AM & PM

၅း၀၀	MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်+ဝဋ္ဋသုတ်
၅း၂၀	MRTV-4 သတင်း
၅း၅၀	"ဉာဏ်ဖြင့်ချင့်ချိန်ဝါးပင်တိုင်အိမ်" တရားတော် (မြောက်ဦးဆရာတော်ဝနဝါသီ အရှင်ဝါယာမိန္ဒ)
၆း၄၅	ဖူးစို့ဘုရားစုံ မြို့ဖျာပုံ
၆း၅၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၂၃)**
၇း၃၀	MRTV-4 သတင်း
၈း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၁၁၇)**
၈း၄၀	ရွှေစင်စကြာနှင့် ရွှေညာမြေဆီသို့ .
၈း၅၅	အနုပညာရပ်ဝန်းမှရင်ခုန်သံများ (စိတ်ရဲ့မာယာ)
၉း၂၀	မျက်စိအမြင်ရှင်သန်ရေး ပဏာမမျက်စိကျန်းမာရေး စောင့်ရှောက်ပေး
၉း၃၀	Movie Talk (ဇာတ်သဘင်မှရုပ်ရှင်သို့ ကူးပြောင်းလာသောဇာတ်မင်းသားများ) (အပိုင်း-၁)
၉း၅၅	Activities In The City (အသည်းရောင်အသားဝါ ဘီပိုးကာကွယ်ရေးဆေးပညာဟောပြောပွဲအခမ်းအနား)
၁၀း၁၅	ပန်းချီပညာရှင်နှင့်ဝါသနာရှင်တို့၏ ရောင်စုံခံစားချက်ပန်းချီကားများ
၁၀း၃၀	စွမ်းရည်ထက်မြက် မြန်မာ့မျက်လှည့်
၁၁း၀၀	သူတို့ဘဝသူတို့ဟာသ (ဦးပေါ်စိန်)
၁၁း၃၀	တေးစီးရီးမိတ်ဆက် "ဒင်းဒေါင်တေးကဗျာသီချင်းများ"
၁၁း၄၀	MRTV-4 ကာတွန်းအစီအစဉ်
၁၂း၁၅	ရန်ကုန်မြင်ကွင်းကျယ် (Attractive Male Model 2010)
၁၂း၄၅	ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၁း၀၀	"ဉာဏ်ဖြင့်ချင့်ချိန်ဝါးပင်တိုင်အိမ်" တရားတော် (မြောက်ဦးဆရာတော်ဝနဝါသီ အရှင်ဝါယာမိန္ဒ)
၂း၀၀	MRTV-4 သတင်း
၂း၂၀	Style ရှိမှ Star ဖြစ်မယ်
၃း၀၀	ရွှေစင်စကြာနှင့် ရွှေညာမြေဆီသို့ .
၃း၂၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၂၃)**
၄း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၁၁၇)**
၄း၅၀	တေးစီးရီးမိတ်ဆက် "ဒင်းဒေါင်တေးကဗျာသီချင်းများ"
၅း၀၀	ဟိုတယ်လမ်းညွှန် (Hotel by the Red Canal)
၅း၃၀	MRTV-4 ကာတွန်းအစီအစဉ်
၆း၀၀	MRTV-4 သတင်း
၆း၂၀	Science For All (အင်ဂျင်ဝိုင်ဆိုသည်မှာ) (သိပ္ပံစာရေးဆရာကိုကိုအောင်၊ ကျော်သူလင်း)
၆း၄၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၂၄)**
၇း၁၅	The Champion of Dance
၇း၄၅	ရန်ကုန်မြင်ကွင်းကျယ် [Sofy Idol Search 2010 တက်ကြွပြုံးရွှင် ကျပ်(၁၀)သိန်း ဆုရှင်ရွေးချယ်ပွဲ]
၈း၀၀	MRTV-4 သတင်း
၈း၃၀	ဂီတသရုပ်ပြခန်း (ရတနာမိုင်-မရှိလို့မဖြစ်)
၉း၀၀	အနုပညာမိုးကောင်းကင်
၉း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၁၁၈)**
၁၀း၁၀	ဖက်ရှင်လမ်းညွှန် (Aroma Zulu Dress Creation)
၁၀း၄၀	အနုပညာရပ်ဝန်းမှရင်ခုန်သံများ (စိတ်ရဲ့မာယာ)
၁၁း၀၀	VJ Choice
၁၁း၂၅	သူတို့ပြောတဲ့သူတို့အကြောင်း (အဆိုတော်သရုပ်ဆောင် နီနီဝင်းရွှေနှင့်တွေ့ဆုံခြင်း) (အပိုင်း-၂)
၁၁း၅၀	မျက်စိအမြင်ရှင်သန်ရေး ပဏာမမျက်စိကျန်းမာရေး စောင့်ရှောက်ပေး
၁၂း၀၀	Activities In The City (အသည်းရောင်အသားဝါ ဘီပိုးကာကွယ်ရေးဆေးပညာဟောပြောပွဲအခမ်းအနား)
၁၂း၂၀	World of Knowledge (EXTREME ICE)
၁း၁၀	ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၁း၂၅	ရန်ကုန်မြင်ကွင်းကျယ် (Attractive Male Model 2010)
၁း၅၀	Box Office Movies (Harry Potter)
၂း၁၅	ပန်းချီပညာရှင်နှင့် ဝါသနာရှင်တို့၏ ရောင်စုံခံစားချက်ပန်းချီကားများ
၂း၂၅	လှုပ်ရှားစုံစုံ မြန်မာ့သုခုမဇာတ်ခုံ (သစ္စာမေတ္တာရွှေမန်းသဘင်-တင်မောင်ဆန်းမင်းဝင်း) (အပိုင်း-၂)
၂း၅၀	ယွန်းဆိုသည်မှာ. . . (အပိုင်း-၂)
၃း၀၀	ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄း၀၀	ACT အေးချမ်းသာ ပရဟိတကျောင်း
၄း၃၀	ကြည်ညိုဖူးမြော် ပုဂံဘုရားစေတီတော်
၄း၅၀	ဖူးမြတ်ပူဇော်မြသလွန်စေတီတော်
၅း၀၀	အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

အခြေခံပညာ ဆရာ၊ ဆရာမများ ခရစ်ကက်နည်းပြမွမ်းမံသင်တန်း ဖွင့်ပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၃

မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ်နှင့် အမှတ်(၃) အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် အခြေခံပညာ ဆရာ၊ ဆရာမများ ခရစ်ကက်နည်းပြ မွမ်းမံသင်တန်း (Level-0)ကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစား ပြိုင်ဝင်းရှိ မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ်ရုံး၌ ကျင်းပရာ အာရှခရစ်ကက်ကောင်စီမှ နည်းပြဆရာနှင့် အဖွဲ့ချုပ်အမှုဆောင် အဖွဲ့ဝင်များ၊ အဖွဲ့ချုပ်နည်းပြဆရာ၊ ဆရာမများနှင့် အမှတ်(၃)အခြေခံပညာ ဦးစီးဌာနမှ ဆရာ၊ ဆရာမများ တက်ရောက်ကြသည်။

မှာကြား

ရှေးဦးစွာ မြန်မာနိုင်ငံ ခရစ်ကက် အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသန်းဝင်းက အမှာစကားပြောကြားပြီး အထွေထွေ အတွင်းရေးမှူးက သင်တန်းသား၊ သင်တန်းသူများ၏ လိုအပ်ချက်များကို မှာကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ခရစ်ကက်နည်းပြ မွမ်းမံသင်တန်း (Level-0)တွင် မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသန်းဝင်း အမှာစကားပြောကြားစဉ်။ (ခရစ်ကက်အဖွဲ့ချုပ်)

အလိမ္မာစာမှာရှိ

၂၀၀၉-၂၀၁၀ ပညာသင်နှစ် ဘက်စုံထူးချွန်ဆုပေးပွဲကို အမက(၁၆) ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ စက်တင်ဘာ ၁၂ ရက်က ကျင်းပရာ ဗဟိုအဆင့်(နေပြည်တော်) စတုတ္ထတန်း သင်္ချာစွမ်းရည် (ပထမ)၊ ရန်ကုန်တိုင်းဒေသကြီးအဆင့် သင်္ချာစွမ်းရည် (ပထမ)၊ မြို့နယ်အဆင့် ဘက်စုံနှင့် သင်္ချာစွမ်းရည် (ပထမ)၊ ကျောင်းတွင်း စာပေဘာသာ ထူးချွန်ဆုများနှင့် အင်္ဂလိပ်စာစွမ်းရည်ဆု IQ ဆုများ ရရှိခဲ့သော မချိုငယ်ဦးအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ခင်ရီ ဂုဏ်ပြုဆုများချီးမြှင့်စဉ်။

(ပညာရေး)

အီလက်ထရွန်နစ်နှင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ ကုန်စည်ပြပွဲ ၂၀၁၀ Boneal ဒဏ်ကြေလိမ်းဆေးနှင့် Haicneal ဗောက်ပျောက်ခေါင်းလျှော်ရည် ပါဝင်ပြသမည်

ရန်ကုန် စက်တင်ဘာ ၂၃

ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ စက်တင်ဘာ ၂၄ ရက်မှ ၂၇ ရက်အထိ ခင်းကျင်းပြသမည့် အီလက်ထရွန်စနစ်နှင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ ကုန်စည်ပြပွဲ ၂၀၁၀ ပြပွဲတွင် Excellence Medicare & Pharmaceutical Co., Ltd. (ENP) မှ Boneal ဒဏ်ကြေလိမ်းဆေးနှင့် Haicneal ဗောက်ပျောက်ခေါင်းလျှော်ရည်တို့ ပါဝင်ပြသမည်ဖြစ်သည်။

(အောက်ပုံ)

Boneal ဒဏ်ကြေလိမ်းဆေးသည် ရှားပါး၍ အစွမ်းထက်မြက်သော တရုတ်တိုင်းရင်းဆေးများဖြင့် စနစ်တကျ ဖော်စပ်ထားသဖြင့် အကြောရောဂါ အမျိုးမျိုးကြောင့် ဖြစ်တတ်သောရောဂါများ၊ ပခုံးကပ်ခြင်း၊ ဒူးနာခြင်း၊ ဒူးကိုက်ခြင်း၊ ခါးကိုက်ခြင်း၊ လေးဖက်နာရောဂါ၊ လေငန်းရောဂါအမျိုးမျိုး၊ ခေါင်းကိုက်ခြင်း၊ အုံးလွဲ၊ ဇက်ကြောတက်၊ အကြောရောင်ခြင်း၊ ကြွက်တက်ခြင်း၊ အဆစ်အမြစ်ကိုက်ခြင်း၊ ထုံကျင်ကိုက်ခဲခြင်းတို့ကို ခံစားရသူများသည် Boneal လိမ်းဆေးကို တစ်နေ့တစ်ကြိမ် လိမ်းပေးခြင်း(သို့မဟုတ်) အညွှန်းအတိုင်း အသုံးပြုပါက မိနစ် ၃၀ အတွင်း တဖြည်းဖြည်းပူနွေးလာပြီး အသားအတွင်းစိမ့်ဝင်၍ အရေပြားအတွင်း ခံစားနေရသော ဝေဒနာများ ပျောက်ကင်းစေသည်။ နာကျင်နေသော အကြောများကို ပုံမှန်အတိုင်း ကောင်းမွန်စေသည့်အပြင် အကြောများကိုပါ ပြေလျော့စေနိုင်သဖြင့် အညောင်းထိုင်သူများ၊ အားကစားသမားများနှင့် အသက်အရွယ်ရနေသူများ သုံးစွဲနိုင်ရန် အမြဲဆောင်ထားသင့်သည်။ ထို့အပြင် ဘေးအန္တရာယ်ဖြစ်စေသော ဓာတုဗေဒဆေးဝါးများနှင့် တိရစ္ဆာန်အဆီများ လုံးဝမပါသောကြောင့် ကျား/မ မရွေး ယုံကြည်စိတ်ချစွာ သုံးစွဲနိုင်သည်။

ပြပွဲတွင် Haicneal ဗောက်ပျောက်ခေါင်းလျှော်ရည်ကိုပါ ပြသရောင်းချမည်ဖြစ်သည်။ ဗောက်ထခြင်းသည် မှိုရောဂါတစ်မျိုးကြောင့် ဖြစ်သည်။ Pityrosporum မှိုကြောင့် ဗောက်ထခြင်းသည် သာမန်ခေါင်းလျှော်ရည်များနှင့် ကုသပျောက်ကင်း၍မရပါ။ ထို့ပြင် ပြခန်းတွင် ဝက်ခြံပျောက်ဆေးကိုပါ ရောင်းချမည်ဖြစ်သည်။

လူကြီးမိဘများအတွက် သီတင်းဝါကျွတ်လက်ဆောင်အဖြစ် ကန်တော့ရန် Boneal နှင့် Haicneal တို့ကို ပြပွဲရက်အတွင်း အထူးဈေးနှုန်းဖြင့် ရောင်းချပေးမည်ဖြစ်သည်။

Boneal နှင့် Haicneal တို့ကို မှာယူလိုပါက Excellence Medicare & Pharmaceutical Co., Ltd. အမှတ်(၂၂၂) ဗိုလ်မြတ်ထွန်းလမ်း ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၉၆၉၉၅၊ ၂၀၃၀၀၈၊ ၀၁-၇၃၀၃၇၁၉၄ နှင့် ၀၁-၇၃၀၃၇၁၉၆၊ မန္တလေး ဖုန်း-၀၂-၃၁၃၆၃နှင့် ၀၉-၆၅၀၀၅၉၇၊ တောင်ကြီး ဖုန်း-၀၉- ၄၉၃၅၀၆၆၄၊ လားရှိုး ဖုန်း-၀၉-၄၇၃၀၁၄၃၃၊ မုံရွာ ဖုန်း-၀၉-၂၀၆၂၄၁၁၉၈ တို့သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး
သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

ဟိုတယ်/ခရီး ဝန်ကြီး ဦးစိုးနိုင်အား နီပေါလ်ညွှေ့အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော်   စက်တင်ဘာ   ၂၃

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးစိုးနိုင်အား နီပေါဒီမိုကရက်တစ်ပြည်ထောင်စုသမ္မတနိုင်ငံ Yeti Travels Pvt, Ltd. (ရတီခရီးသွားလုပ်ငန်းလီမိတက်) ဥက္ကဋ္ဌ Dr. Singha B. Basnyat ဦးဆောင်သော အဖွဲ့သည် ယမန်နေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အဆိုပါ ဝန်ကြီးဌာနရုံး ဝန်ကြီး၏ညှိနှိုင်းခန်းမ၌ လာရောက်တွေ့ဆုံ၍ မြန်မာ-နီပေါ နှစ်နိုင်ငံ ခရီးသွားလုပ်ငန်း မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးစွာဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးနိုင်အား နီပေါဒီမိုကရက်တစ် ပြည်ထောင်စု သမ္မတနိုင်ငံ Yeti Travels Pvt, Ltd. **မှ ဥက္ကဋ္ဌ** Dr. Singha B. Basnyat **ဦးဆောင်သော အဖွဲ့ လာရောက်တွေ့ဆုံစဉ်။**

(သတင်းစဉ်)

❍ ကျောဖုံးမှ

နက်ရှိုင်းသည့် မြေအောက်သို့ တူးဖော်ကြည့်ရာတွင် အပူချိန် ၅၀၀ ဒီဂရီမှ ၆၀၀ ဒီဂရီဆဲလ်စီးယပ်စ်ရှိ ကျောက်ရည်ပူကို ရယူနိုင်မည်ဖြစ်သည်။

မီးတောင်ရပ်ဝန်းဒေသ၌ တူးဖော်လေ့လာရေးစီမံကိန်းကို ဆောင်ရွက်ရာတွင် ညှိနှိုင်းရေးမှူး တစ်ဦးအဖြစ် အီတလီ ဘူမိရူပဗေဒနှင့် မီးတောင်ဗေဒသိပ္ပံမှ ဘူမိရူပဗေဒပညာရှင် ဒီနာတယ်လ်က တာဝန်ယူမည်ဖြစ်သည်။

ဘေးအန္တရာယ်

ယင်းစီမံကိန်းကို အကောင်အထည်ဖော်ရာတွင် မီးတောင်ပေါက်ကွဲမှုသို့မဟုတ် မြေငလျင်လှုပ်နိုင်သည့် ဘေးအန္တရာယ် ကျရောက်စေနိုင်သည်ဟုလည်း စိုးရိမ်ပူပန်မှုများ ပေါ်ထွက်လျက်ရှိသည်။

အိုက်စလန်ကျွန်းတွင် အလားတူ လေ့လာမှုတစ်ရပ် ပြုလုပ်ခဲ့စဉ်က ကျောက်ရည်ပူများ မမျှော်လင့်ဘဲ ပေါ်ထွက်လာသဖြင့် မြေအောက်တွင်းတူးသည့် လုပ်ငန်းကို ရပ်ဆိုင်းလိုက်ရကြောင်း နေပယ်လ်တက္ကသိုလ်မှ ဘူမိဓာတုဗေဒ ပါမောက္ခ ဘီနက်ဒက်ဒီဗီဗိုက ပြောကြားသည်။ ***အင်တာနက်။***

ဟော်ကီကိုယ်စားလှယ်အဖွဲ့ မလေးရှားထွက်ခွာ

ရန်ကုန် စက်တင်ဘာ ၂၃

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ စက်တင်ဘာ ၂၃ မှ ၂၆ ရက်အထိ ကျင်းပမည့် Hockey Asia Development Work Shop (DVC) သို့ တက်ရောက်ရန် မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ် အလုပ်အမှုဆောင် စာရင်းစစ် ဦးကျော်ဝင်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ညနေပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်မှူးကြီးထင်ဇော်ဝင်းနှင့် ဒုတိယဥက္ကဋ္ဌများနှင့် အမှုဆောင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ် မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ် ဒိုင်လူကြီး တပ်ကြပ်ရဲကျော်သူ လိုက်ပါသွားကြောင်း သိရှိရသည်။ (၁၉)

အမျိုးသမီး(အလွတ်တန်း) ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၃

၂၀၁၀ ခုနှစ် (၁၅)ကြိမ်မြောက် ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသမီး (အလွတ်တန်း) ဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည် အမှတ်ပေးပွဲစဉ်များကို တောင်ငူဇုန်၊ ပဲခူးဇုန်၊ သာယာဝတီဇုန်နှင့် ပြည်ဇုန်တို့၌ ဆက်လက် ကျင်းပလျက်ရှိရာ စက်တင်ဘာ ၂၂ ရက်တွင် ပဲခူးဇုန်၌ ပဲခူးတိုင်းဒေသကြီးအသင်းက ကယားပြည်နယ်အသင်းကို ၁၃ ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

ကားလင်းဖလား တတိယအဆင့် ပွဲစဉ်များပြီးဆုံး၊ မန်ယူနိုင်ပွဲရပြီး ချယ်လ်ဆီး၊ လီဗာပူးနှင့် မန်စီးတီးတို့ ပြိုင်ပွဲကို နှုတ်ဆက်

လန်ဒန်   စက်တင်ဘာ   ၂၃

ကားလင်းဖလား တတိယအဆင့် ဒုတိယနေ့ပွဲစဉ်များကို ကြာသပတေးနေ့ နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ကြရာ အသင်းကြီးများထဲမှ မန်ယူအသင်း အနိုင်ရခဲ့သော်လည်း ချယ်လ်ဆီး၊ လီဗာပူးနှင့် မန်စီးတီးတို့ ပြိုင်ပွဲကို နှုတ်ဆက်ထွက်ခွာလိုက်ရပြီ ဖြစ်သည်။

စကန်သော့ဖ် ၂-၅ မန်ယူ

ယခုပွဲတွင် မန်ယူအသင်းသည် အရန်အင်အားအများစုဖြင့် ပွဲထွက်လာခဲ့သော်လည်း နောက်တစ်ဆင့်တက်နိုင်ရေးအတွက် ကြိုးစားကစားသွားသည်ကို တွေ့ရသည်။ စကန်သော့ဖ်မှာ အိမ်ကွင်းကစားရသော်လည်း အသင်းကြီး မန်ယူကို ယှဉ်နိုင်စွမ်းမရှိဘဲ အရှုံးပေးလိုက်ရသည်။

မန်ယူအတွက် ဂိုးများကို ပွဲချိန် ၂၃ မိနစ်တွင် ဂစ်ဘ်ဆင်၊ ၃၆ မိနစ်တွင် စမောလင်း၊ ၄၉ မိနစ်နှင့် ၇၁ မိနစ်တို့တွင် မိုက်ကယ်အိုဝင်နှင့် ၅၄ မိနစ်တွင် ပက်ဂျီဆန်တို့က သွင်းယူခဲ့သည်။ အိမ်ရှင်စကန်သော့ဖ်အတွက်ဂိုးများကို ၁၉ မိနစ်တွင် ဂျို့ရိုက်နှင့် မိနစ် ၉၀ တွင် ဝုလ်ဖို့ဒ်တို့က သွင်းယူခဲ့သည်။

ချယ်လ်ဆီး ၃-၄ နယူးကာဆယ်

တယ်ရီ၊ အနယ်လ်ကာနှင့် ဘီနာယောင်တို့ကို အမာခံထားပြီး အရန်ကစားသမားများဖြင့်သာ ပွဲထွက်ခဲ့သည့် ချယ်လ်ဆီးသည် နယူးကာဆယ်ဘက်ကို ဦးဆောင်ဂိုးသွင်းနိုင်ခဲ့သော်လည်း ပွဲအပြီးတွင် နယူးကာဆယ်ကို အရှုံးပေးပြီး ပြိုင်ပွဲမှ ထွက်ခဲ့ရသည်။

နယူးကာဆယ်အတွက် ဂိုးများကို ပွဲချိန် ၂၇ မိနစ်တွင် ရန်ဂျာ၊ ၃၂ မိနစ်တွင် တေလာ၊ ၄၉ မိနစ်နှင့် မိနစ် ၉၀ တို့တွင် အမီယိုဘီတို့က သွင်းယူခဲ့သည်။ ချယ်လ်ဆီးအတွက် ဂိုးများကို ပွဲချိန် ၆ မိနစ်တွင် အန်ဟော့၊ မိနစ် ၇၀ နှင့် ၈၆ မိနစ် (ပယ်နယ်တီ)တို့တွင် အနယ်လ်ကာက သွင်းယူခဲ့သည်။

ချယ်လ်ဆီးဘက်သို့ အနိုင်ဂိုးသွင်းပြီးနောက် ပျော်မြူးနေသည့် နယူးကာဆယ် ကစားသမားများကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

လီဗာပူး ၁-၁ နော့သမ်တမ်

အိမ်ကွင်း အန်ဖီးလ်တွင် ကစားခဲ့ရသည့် လီဗာပူးသည် ပွဲအစ ၉ မိနစ်တွင် ဂျိုဗန်နီဗစ်၏ သွင်းဂိုးဖြင့် နော့သမ်တမ်ကို ဦးဆောင်နိုင်ခဲ့သော်လည်း ၅၆ မိနစ်တွင် မက်ကေးက နော့သမ်တမ်အတွက် ချေပဂိုး သွင်းယူသွားနိုင်ခဲ့သည်။ သာမန်ပွဲကစားချိန် မိနစ် ၉၀ တွင် တစ်ဂိုးစီ သရေကျနေ၍ အချိန်ပို ဆက်လက်ကစားခဲ့ရာ ၉၈ မိနစ်တွင် ဂျာကော့စ်က နော့သမ်တမ်အတွက် တစ်ဂိုးသွင်းယူပေးခဲ့ပြီး ၁၁၇ မိနစ်တွင် အန်ဂေါ့က လီဗာပူးအတွက် ချေပဂိုး ပြန်လည်သွင်းယူနိုင်ခဲ့ခြင်းကြောင့် အချိန်ပိုကစားအပြီးတွင် နှစ်ဂိုးစီ သရေဖြစ်နေသည်။ ထို့ကြောင့် ပယ်နယ်တီ အဆုံးအဖြတ်ကန်ခဲ့ရာ နော့သမ်တမ်က လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိပြီး နောက်တစ်ဆင့် တက်နိုင်ခဲ့သည်။

အခြားပွဲစဉ်ရလဒ်များ

ဗီလာ	၃-၁	ဘလက်ဘန်း
ဝီဂန်	၂-၁	ပရက်စတန်
ဝက်စ်ဘရွန်း	၂-၁	မန်စီးတီး

အင်တာနက်။

ဝင်းတင် (ကြေးမုံ)

အမြို့မြို့အနယ်နယ်တွင် သာယာစည်ပင်

အင်္ဂပူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ထူးကြီးကျေးရွာ၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးအတွက် လမ်းဘေးဝဲ၊ ယာ ချုံနွယ်များ ရှင်းလင်းခြင်းနှင့် ခြင်ဆေးဖျန်းခြင်းလုပ်ငန်း ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ရှမ်းပြည်နယ်တောင်ပိုင်း နမ့်စန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျေးလက်လမ်းဆိုင်းဘုတ် စိုက်ထူစဉ်။ (မြို့နယ်စည်ပင်)

မူဆယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဟိုမွန်ရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ကွန်ကရစ်ရေပြွန်များ ပြုလုပ်တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ဟိုပုံးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျေးလက်လမ်း (တပင်ရွှေထီးလမ်း) ကျောက်ချောလမ်းအား ကျောက်များစတင်ခင်းနေမှုကို တွေ့ရစဉ်။ (မြို့နယ်စည်ပင်)

သံဖြူဇရပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့မဈေးအတွင်း အိုင်အိုဒင်းဆားရောင်းချခြင်းအား ကွင်းဆင်းစစ်ဆေး ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ဂုဏ်ယူဝမ်းမြောက်ခြင်း

၁၆-၉-၂၀၁၀ ရက်တွင် ASIA GREEN DEVELOPMENT BANK ၏ ရန်ကုန်မြို့ (ကမာရွတ်ဘဏ်ခွဲ)အား အောင်မြင်စွာ ဖွင့်လှစ်နိုင်ခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် အောင်မြင်တိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

MR. A S K MERCHANT
U KHIN MAUNG LAY
U MYINT THEIN
WORLD BEST GROUP.

ဂျပန်ဘာသာသင်ယူခြင်းနှင့် ပတ်သက်၍

ဂျပန်ဘာသာကို အခြေခံအဆင့်မှစပြီး ဂျပန်တက္ကသိုလ်၊ ကောလိပ်များအထိ သွားရောက်ပညာသင်ကြားလိုသူများကို အထူးအားပေးကူညီလိုပါသည်။ အခြေခံလိုအပ်ချက်များနှင့် သိသင့်သိထိုက်သည်များကို ဂျပန်တက္ကသိုလ်တွင် လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသော ပညာရေး တာဝန်ခံမှ ရှင်းလင်းပြောကြားမည်ဖြစ်ရာ စိတ်ဝင်စားသူများ အခမဲ့တက်ရောက် မေးမြန်းနိုင်ပါသည်။

၂၅-၉-၂၀၁၀ ရက်(စနေနေ့) နံနက် ၁၀ နာရီမှ ၁၂ နာရီ
KAGA YAKI INTERNATIONAL ACADEMY & SERVICES
အမှတ် (၂၈၁)၊ ပထမထပ်၊ ရွှေဂုံတိုင်လမ်းမကြီး၊ ဗဟန်း
ဖုန်း-၀၉-၅၀၀ ၇၃၁၅၊ ၀၉- ၅၀၀-၆၁၆၇၊ ၀၁-၇၀၈၇၆၄

အမည်ပြောင်း

ဦးတင်ထွန်းအောင်-ဒေါ်သန်းသန်းတို့၏သား ပြည်မြို့၊ ကျောင်းကြီးရပ်၊ ကျောင်းကြီးအိုးတန်းကျောင်း Grade (2)A မှ မောင်မြတ်မင်းသန်းအား မောင်ရဲရင့်မင်းသန်းဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ရဲရင့်မင်းသန်း**

အမည်ပြောင်း

ပြည်မြို့၊ အမှတ်(၉၁၅)၊ သိမ်လမ်းနေ ဦးတင်ထွန်းအောင်-ဒေါ်သန်းသန်းတို့၏သမီး မခြူးဟေမာန်ကို [၇/ပမန(နိုင်) ၁၆၁၃၃၇]အား မဖူးသစ်ခင်ဟု ပြောင်းလဲ ခေါ်ပါရန်။ **မဖူးသစ်ခင်**



မုတ်သုံလေ အားနည်းနေ

နေပြည်တော် စက်တင်ဘာ ၂၃

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော၂၄ နာရီအတွင်းက ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ မကွေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာခဲ့ပြီး မန္တလေးတိုင်းဒေသကြီးတွင် နေရာကွက်၍မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** နေပြည်တော်(လေဆိပ်)တွင် ၃ ဒသမ ၅၀ လက်မ၊ တောင်ကုတ်မြို့တွင် ၂ ဒသမ ၂၇ လက်မ၊ အမ်းမြို့တွင် ၁ ဒသမ ၈၁ လက်မ၊ ဖျာပုံမြို့တွင် ၁ ဒသမ ၆၉ လက်မနှင့် ဘီးလင်းမြို့တွင် ၁ ဒသမ ၃၈ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလား ပင်လယ်အော်တို့တွင် မုတ်သုံလေ အားနည်းနေပါသည်။

စက်တင်ဘာ ၂၄ ရက် ညနေထိခန့်မှန်းချက်။ ။ ချင်းပြည်နယ်၊ ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ ကချင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲနှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ လှိုင်းအနည်းငယ်သာရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မုတ်သုံလေ ဆက်လက်အားနည်းနေမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

Concordia Int'L Co.,Ltd. မှ Electronic & Yangon International Trade Exhibition 2010 တွင် ဝင်ရောက်ပြသမည်

ရန်ကုန် စက်တင်ဘာ ၂၃

Concordia Int'L Co.,Ltd. မှ ပထမဆုံး တင်သွင်းဖြန့်ချိသော Discovery Brand Digital Balance (DI-1505)Model နှင့် (DF-601)Model များကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ စက်တင်ဘာ ၂၄ ရက်မှ ၂၇ ရက်အထိ ကျင်းပမည့် Electronic & Yangon International Trade Exhibition 2010 ပြပွဲတွင် အထူးဈေးနှုန်းဖြင့် ရောင်းချသွားမည်ဖြစ်သည်။

Discovery Brand Digital ချိန်ခွင်ဖြစ်သော (DI-1505)Model မှာ Platform Scale Digital Balance အမျိုးအစားတစ်ခုဖြစ်ပြီး All Stainless Steel Structure ဖြစ်ကာ သယ်ဆောင်/ တပ်ဆင်ရ လွယ်ကူပေါ့ပါးခြင်း၊ Display Setting မှာ Function Key ရှစ်ခုဖြင့် လွယ်ကူရိုးရှင်းစွာ အသုံးပြုနိုင်ခြင်း၊ ကီလိုဂရမ်၊ ပိဿာကြိုက်နှစ်သက်ရာ စနစ်ဖြင့် အနည်းဆုံး (100)g မှ အများဆုံး (150)Kg အထိ ချိန်တွယ် တွက်ချက်နိုင်ခြင်း၊ သီးနှံထွက်ကုန်များ၊ စက်မှုလုပ်ငန်း၊ ရေထွက်ကုန်ပစ္စည်းများနှင့် ကုန်ထုတ်လုပ်ငန်းများအတွက် အထူးသင့်လျော်သော အမျိုးအစားတစ်ခုဖြစ်ပြီး (DF-601)Model မှာ အနည်းဆုံး (20)g မှ အများဆုံး (6)Kg အထိအလေးချိန် ချိန်တွယ်တွက်ချက်ခြင်း၊ ရေတွက်ခြင်း၊ ရာခိုင်နှုန်းတွက်ခြင်း၊ အလေးချိန် ကြိမ်နှုန်းတွက်ချက်ခြင်း အစရှိသော လုပ်ဆောင်ချက်များ ပါဝင်ပြီး စက်အတွင်း၌ အားပြန်လည်သွင်း၍ အသုံးပြုနိုင်သော ဘတ်ထရီပါဝင်ပြီး အားသွင်းနေစဉ် အချိန်အတွင်း၌လည်း ချိန်တွယ်ခြင်း လုပ်ငန်းများကို လုပ်ဆောင်နိုင်သည်။ ဒီဂျစ်တယ်စနစ်အား အသုံးပြုထားခြင်းကြောင့် ချိန်တွယ်ရရှိသော အလေးချိန်များ၊ ရလဒ်များကို အလွယ်တကူ ဖတ်ရှုနိုင်ပြီး သား၊ ငါး၊ ပုစွန် ချိန်တွယ်ခြင်း လုပ်ငန်းများ၊ စားသောက်ကုန် ချိန်တွယ်ခြင်း လုပ်ငန်းများအတွက် အထူးသင့်လျော်သော အမျိုးအစားတစ်ခုဖြစ်ကြောင်း သိရှိရသည်။

Concordia Int'L Co.,Ltd. မှ ယင်းပစ္စည်းများအတွက် Service Center များထားရှိပြီး (၁)နှစ်အာမခံ ပေးထားသည့်အပြင် ရန်ကုန်မြို့တွင်း ဝယ်သူများအား အရောက်ပို့စနစ်၊ နယ်မှ မှာယူသူများအား ကားဂိတ် အရောက်ပို့စနစ်ဖြင့် ဝန်ဆောင်မှုပေးလျက်ရှိသည်။

အသေးစိတ်သိရှိလိုပါက Concordia Co.,Ltd. ၃လွှာနှင့် ၄လွှာ(ရွှေဂုံပလာဇာ) ကမ္ဘာအေးစေတီလမ်း ဗဟန်းမြို့နယ် ရန်ကုန် ဖုန်း-၉၅၁-၅၄၄၈၂၄ နှင့် ၅၄၀၀၂၆၊ Fax -၅၄၄၁၉၉၊ Hot Line ဖုန်း-၀၁-၇၃၀၀၉၂၂၃၊ မန္တလေး အမှတ် (၅) မြေညီထပ် SY အဆောက်အအုံ လမ်း (၃၀) (၇၇)လမ်းနှင့် (၇၈)လမ်းကြား ချမ်းအေးသာစံမြို့နယ် ဖုန်း-၀၂-၃၆၄၇၈၊ ၆၉၃၀၃နှင့် ၀၉-၅၀၆၇၁၇၂၊ Hot Line ၀၂-၉၁၀၀၁၉၆၅၊ နေပြည်တော် အမှတ် (၁၄၄) သီရိရတနာအဆင့်မြင့်ဈေး ဖုန်း-၀၆၇-၄၂၀၈၁၉ နှင့် ၄၂၁၃၆၂၊ Hot Line -၀၉-၄၉၂၀၀၉၅၁ တို့ထံ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တောင်ကြီးမြို့တွင် မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် အဖွဲ့ဝင်များ သင်တန်းကျင်းပ

တောင်ကြီး စက်တင်ဘာ ၂၃

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့တွင် ၂၀၁၀ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် အဖွဲ့ဝင်များ သင်တန်းကို ဩဂုတ် ၂၂ ရက် နံနက် ၉ နာရီက အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ဒေါ်ခင်သိန်းခန်းမဆောင်၌ ကျင်းပရာ ရှမ်းပြည်နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးမြင့်သန်းက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ကော်မရှင် အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးခင်မောင်ညွန့်က သင်တန်းဖွင့် အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးခင်မောင်ကြည်၊ မြို့နယ်ကော်မရှင် အဖွဲ့ခွဲ အဖွဲ့ဝင် ဦးမြင့်သိန်းနှင့် အဖွဲ့ဝင် ဦးရွှေမန်းတို့က မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင် လုပ်ငန်းလမ်းညွှန်ကို ရှင်းလင်းပို့ချပြီး တက်ရောက်လာကြသူများအား ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်နယ်လွှတ်တော်နှင့် တိုင်းရင်းသားလူမျိုးစု လွှတ်တော်များအတွက် မဲရုံပုံစံ သရုပ်ပြခန်းတွင် လက်တွေ့ ဆန္ဒမဲပေးခြင်းကို သရုပ်ပြရှင်းလင်းကြသည်။ (ခရိုင် ပြန်/ဆက်)

သထုံနှင့် ဘားအံဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းနေလင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၂၃

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းနေလင်းသည် စက်တင်ဘာ ၁၅ ရက် နံနက်ပိုင်းတွင် သထုံတပ်နယ်ခန်းမ၌ တပ်နယ်မှ အရာရှိ စစ်သည်၊ မိသားစုဝင်များနှင့် တွေ့ဆုံအမှာစကား ပြောကြားသည်။

ထို့နောက် တာဝန်ရှိသူတစ်ဦးက တပ်နယ်မိသားစုများအတွက် ချီးမြှင့်ငွေများပေးအပ်ရာ သထုံတပ်နယ်မှူးနှင့် တာဝန်ရှိသူများက လက်ခံကြပြီး တိုင်းမှူးသည် တပ်နယ်မိသားစုဝင်များနှင့်ရင်းရင်းနှီးနှီးတွေ့ဆုံသည်။

ယင်းနောက် တိုင်းမှူးသည် သထုံမြို့နယ် သုဓမ္မာဝတီမြို့သစ် စစ်မှုထမ်းဟောင်းအိမ်ရာ တည်ဆောက်ရေးရှင်းလင်းဆောင်သို့ရောက်ရှိရာ တာဝန်ရှိသူတစ်ဦးက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ စစ်မှုထမ်းဟောင်းအိမ်ရာ တည်ဆောက်ပြီးစီးမှုနှင့် နှစ်ရှည်ပင်များ စိုက်ပျိုးထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းမှူးသည် ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဘားအံမြို့ တပ်နယ်ခန်းမ၌ တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် တွေ့ဆုံအမှာစကား ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဥက္ကဋ္ဌက တပ်နယ်အတွက် ချီးမြှင့်ငွေများပေးအပ်ရာ ဘားအံတပ်နယ်မှူးနှင့် တာဝန်ရှိသူများက လက်ခံခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း သင်တန်းဖွင့်ပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၃

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရန်ကုန်တိုင်းဒေသကြီး ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှဖွင့်လှစ်သော အခြားအဆင့်တပ်ဖွဲ့ဝင်များယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း သင်တန်းအမှတ်စဉ် (၂/၂၀၁၀) ဖွင့်ပွဲကို စက်တင်ဘာ ၂၀ ရက် မွန်းလွဲ ၂ နာရီတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ သီရိမြိုင်ယာဉ်မောင်းသင်တန်းကျောင်း၌ ကျင်းပရာ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲတပ်ရင်းများကွပ်ကဲရေးမှူး ရဲမှူးချုပ်သန်းဟန်တက်ရောက်၍ သင်တန်းဖွင့် အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

သင်တန်းဖွင့်ပွဲသို့ ရဲအရာရှိကြီးများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားအခြားအဆင့်တပ်ဖွဲ့ဝင် ၁၀၉ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ လေးပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

ကွတ်ခိုင်မြို့နယ် ဥက္ကဋ္ဌဖလား ရပ်ကွက်နှင့်ကျေးရွာပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၃

ကွတ်ခိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား ရပ်ကွက်နှင့် ကျေးရွာပေါင်းစုံဘောလုံးပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၁ ရက် ညနေပိုင်းတွင် မြို့နယ်ပြည်သူ့အားကစားကွင်း၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌဦးမြတ်သိန်းထွန်းက အမှာစကားပြောကြား၍ ပြိုင်ပွဲကိုဖွင့်လှစ်ပေးပြီး အမှတ်(၁)ရပ်ကွက် ဘောလုံးအသင်းနှင့် တာမိုးညဲအသင်းတို့ ယှဉ်ပြိုင်ကစားကြသည်။ ပြိုင်ပွဲသို့ ရပ်ကွက်နှင့် ကျေးရွာအသင်း ၁၉ သင်း ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကို အောက်တိုဘာ ၂၅ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ပေးအပ်လှူဒါန်း

ရန်ကုန်မြို့ ဗဟန်းမြို့နယ် သာသနာ့ရိပ်သာလမ်းနေ ဦးရဲတင့်၏ မွေးနေ့အထိမ်းအမှတ်အဖြစ် ထာဝရဆွမ်းပဒေသာပင်အတွက် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ကော့ထင်းကျေးရွာ သုတဘဏ်စာကြည့်တိုက်သို့ ပရိဘောဂနှင့် စာအုပ်စာစောင်များလှူဒါန်း

နေပြည်တော် စက်တင်ဘာ ၂၃

ကျိုက်ထိုမြို့နယ် ကော့ထင်းကျေးရွာ သုတဘဏ် စာကြည့်တိုက်အတွက် ပရိဘောဂနှင့် စာအုပ်စာစောင် လှူဒါန်းပွဲ အခမ်းအနားကို စက်တင်ဘာ ၂၁ ရက် မွန်းလွဲ ၁ နာရီတွင် အဆိုပါ စာကြည့်တိုက်၌ ကျင်းပရာ အလှူရှင် ဦးမြင့်လွင် (လွင်-ပရိဘောဂ)က လှူဒါန်းရခြင်း ရည်ရွယ်ချက်ကိုပြောကြားပြီး ဦးစိန်မြင့်က စာပေ၏ အကျိုးကျေးဇူးအကြောင်းကို ပြောကြားသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ လှူဒါန်းပွဲကို ကျင်းပရာ ဦးမြင့်လွင်(လွင်-ပရိဘောဂ)က ငွေကျပ် လေးသောင်းတန်ဖိုးရှိ စားပွဲ-ကုလားထိုင် တစ်စုံ၊ ဦးစိန်မြင့် (တိုင်းရေနံရောင်းဝယ်ရေးအရာရှိ-ငြိမ်း) က ငွေကျပ် ၁၄၀၀၀၀ တန်ဖိုးရှိ စာအုပ်စာစောင် ၂၀၆ အုပ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ စာထောက်-ဒေါ်သန်းသန်းမော်က စာအုပ်စာစောင် ၇၅ အုပ်နှင့် ကော့ထင်းကျေးရွာ၂၀၀၉-၂၀၁၀ သင်္ကြန်အလှူရှင်များက တန်ဖိုးငွေကျပ် တစ်သိန်းတန်ဖိုးရှိဗီရိုတစ်လုံးတို့ကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံကြပြီး စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးဝင်းအောင်က ကျေးဇူးတင်စကား ပြောကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမြို့မြို့အနယ်နယ် သတင်းများ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ပန်းလှိုင်ရပ်ကွက်ရှိ ပန်းလှိုင်အိမ်ရာ၊ တိုက်အမှတ်(၆)၊ အခန်း(၄) မြေညီထပ်အား ကျွန်ုပ်၏အမှုသည် ဦးဝင်းနိုင် [၁၄/ကလန(နိုင်)၀၅၉၉၃၉]မှ ဝယ်ယူမည်ဖြစ်သဖြင့် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ဆိုင်ရေးဆိုင်ခွင့်ရှိသော စာရွက်စာတမ်းများနှင့်အတူ ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဆက်လက်ပြုလုပ်သွားမည်ဖြစ်သည်။

လွှဲအပ်ချက်အရ-ဦးတင်မြင့်
တရားရုံးချုပ်ရှေ့နေ စဉ်-၅၂၀၄
အမှတ် ၁၇၁၇၊ (က/၅)လမ်း၊ မြို့သစ်ရပ်၊ အင်းစိန်မြို့
ဖုန်း-၀၁-၇၃၀၅၉၄၂၂

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ကဝမြို့၊ မြို့နယ်တရားသူကြီးရုံး၌
၂၀၁၀ ခုနှစ်၊ တရားမကြီးမှုအမှတ်-၆၉

မဇင်မာ နှင့် မောင်လှမင်းထိုက်
တရားလို **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နယ်၊ ကန်သာကျေးရွာနေ မောင်လှမင်းထိုက်(ဘ) ဦးသံချောင်း(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို မဇင်မာက ကျပ်ငွေ (၂၅၀၂၀၀၀/-) (ကျပ်နှစ်ဆယ့်ငါးသိန်းနှစ်ထောင်တိတိ) ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၀ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက် (၁၃၇၂ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၇ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်၊ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေတင်သွင်းလိုလျှင် တင်သွင်းရမည်။

၂၀၁၀ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ကြည်စိုး(တ/၂၀၉၃)
မြို့နယ်တရားသူကြီး
မြို့နယ်တရားရုံး၊ ကဝမြို့

အမွေပြတ်စွန့်လွှတ်ခြင်း

ဖြူးမြို့၊ ဗထူးရပ်ကွက်နေ ဦးကျော်ရင်-ဒေါ်မာလာရီတို့၏သား မောင်မျိုးမင်းအောင် [၇/ဖမန(နိုင်)၁၅၁၅၉၄]သည် မိဘများစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပြီး နေအိမ်မှဆင်းသွားပါသဖြင့် ၎င်းအား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်၍ လုံးဝတာဝန်ယူမည်မဟုတ်ပါကြောင်း။

ဦးကျော်ရင်[၇/ဖမန(နိုင်)၀၁၇၇၅၂]
ဖြူးမြို့

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၂၊ ပန်းလှိုင်ဂေါက်ကွင်းအိမ်ရာ(Pun Hlaing Golf Estate)အတွင်းရှိ မြေကွက်အမှတ်-၆၆၊ မြေအကျယ်အဝန်း(၂၂၃၉၁စတုရန်းပေ)မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကိုပိုင်ဆိုင်ကြောင်း အဆိုပြုကမ်းလှမ်းတင်ပြလာသူ ဦးကိုမြင့် [၁၃/တယန(နိုင်)၀၁၅၉၅၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေအနက်မှ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးအပ်ထားပြီး ဖြစ်ပါသည်။

သို့ပါ၍ အထက်ပါအရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုသူရှိပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာသည့်နေ့ရက်မှ(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း သိစေအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဦးဝင်းနိုင် (LL.B)
တရားရုံးချုပ်ရှေ့နေ (စဉ်-၇၄၅၄)

ဒေါ်သွယ်သွယ်ဇေ (LL.B,LL.M) **(စဉ်-၂၃၁၁၂)**
ဦးထင်ဝင်း (LL.B) **(စဉ်-၂၂၄၁၃)**
ဒေါ်ဝတ်ရည်ထွန်း (LLB,LL.M) **(စဉ်-၂၆၅၄၁)**
ဦးနိုင်လင်းထွန်း (LL.B) **(စဉ်-၃၁၉၈၄)**

အထက်တန်းရှေ့နေများ
Win & Associates Legal Practitioner Group
(၈၃/အခန်း-၁၂၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၃၇၇၈၇၉၊ ၀၉-၅၁၄၃၁၇၀၊ ၀၉-၅၀၃၅၄၇၆၊ ၇၃၀၅၈၆၅၁
P.C No.11182

ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ ဗိုလ်ဉာဏလမ်း၊ အမှတ်(၂၅)ဟုခေါ်တွင်သော ဦးပိုင်အမှတ်(၄၃) သမိုင်း၊ မြေကွက်အမှတ်(၆/အ၆)၊ ဧရိယာ(၀. ၀၅၀)ဧကမှ မခွဲစိတ်ရသေးသော ပေ(၃၅×၃၄)ရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အအုံ(၁)လုံးနှင့်အတူ တွဲကပ်ပါရှိသောပစ္စည်းများ အကျိုးခံစားခွင့်များအားလုံးတို့ကို မြို့မြေစာရင်းတွင် အမည်ပေါက်ပိုင်ဆိုင်သူများထံမှ အစဉ်အဆက်စာချုပ်များအရ ဒေါ်ဖြူဖြူသွင်[၁၂/ပဘတ(နိုင်)၀၃၁၀၆၂]မှ ဝယ်ယူပိုင်ဆိုင်ထားပါသည်။ အထက်ဖော်ပြပါ မြေကွက်နှင့်အဆောက်အအုံအား အရောင်းအဝယ်ပြုလုပ်ရန် ကျွန်ုပ်၏မိတ်ဆွေဒေါ်အေးညွန့်မှ စရန်ငွေ ပေးချေဝယ်ယူထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်သည့်အထောက်အထားများဖြင့် ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအေးလွင်(မိုးဟိန်းကျော်)
(စဉ်-၆၁၆၄) LL.B (Advocate)
အမှတ်-၁၀/၁၂၊ အခန်း-၁၀၄(F)၊ ပထမထပ်၊ (၃၅)လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

သစ်တောသစ်ပင် ဒို့ချစ်ခင်

သတိပေးနှိုးဆော်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်း သီတင်းကျွတ်ကာလနှင့် တန်ဆောင်တိုင်ကာလများတွင် ပြောက်အိုး၊ မီးရှူးနှင့် မီးဒုံး(ရှူးဒိုင်း)များ ပစ်ဖောက်ခြင်းဖြင့် ပြည်သူများ အထိတ်တလန့်ဖြစ်စေခြင်း၊ မသမာသူများမှ ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေးကိုထိခိုက်အောင် လုပ်လာနိုင်ခြင်းတို့ကြောင့် ပြောက်အိုး၊ မီးရှူးနှင့် မီးဒုံး(ရှူးဒိုင်း)များ ပစ်ဖောက်ခြင်းကို တားမြစ်သည်။

၂။ ယင်းသို့ တားမြစ်ထားသော်လည်း ယမန်နှစ် ၂၀၀၉ ခုနှစ် သီတင်းကျွတ်ကာလနှင့် တန်ဆောင်တိုင်ကာလများတွင် ပြောက်အိုး၊ မီးရှူးနှင့် မီးဒုံး(ရှူးဒိုင်း)များ ထုတ်လုပ်ရောင်းချသဖြင့် အရေးယူမှု (၂၂)မှုတွင် ရောင်းချသူ ၂၄ ဦးအား အနည်းဆုံးထောင်ဒဏ် (၂)နှစ်မှ အများဆုံး ထောင်ဒဏ်(၃)နှစ်အထိ ပြစ်ဒဏ်ချမှတ် အရေးယူခဲ့သည်။

၃။ သို့ဖြစ်ပါ၍ ၂၀၁၀ ခုနှစ် သီတင်းကျွတ်ကာလနှင့် တန်ဆောင် တိုင်ကာလများတွင် ပြောက်အိုး၊ မီးရှူးနှင့် မီးဒုံး(ရှူးဒိုင်း)များအား ထုတ်လုပ်ရောင်းချခြင်း၊ ပစ်လွှတ်ခြင်း၊ ပစ်ဖောက်ခြင်းများ ပြုလုပ်ပါက ယခင်နှစ်များနည်းတူ တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူသွားမည် ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

၄။ သတင်းပေးသူကို ထိုက်တန်စွာဆုချီးမြှင့်မည်။

ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

သင့်သွေးဖြင့် အသက်ကယ်ပါ

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် မတလ/၃၆၉၈၆၄ Yamaha Fino 115 M/C ယာဉ်လက်ဝယ်ရှိသူအမည် ဒေါ်အေးအေးခိုင် မှတ်ပုံတင်အမှတ်[၉/ခအဇ(နိုင်)၀၀၉၁၇၄]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကမ္ဘီလာ-လက်ခုပ်ပင်-ထန်းကဲကျေးရွာချင်းဆက် ကျောက်ချောလမ်း ခင်းကျင်းနေမှုကို တွေ့ရစဉ်။ (မြို့နယ်စည်ပင်)

- တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
- တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

- မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
- ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
- အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

နေပယ်လ်ပင်လယ်အော်၌ တည်ရှိသော ကမ်ပီဖလက်ရီ မီးတောင်ကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

မီးတောင်ပေါက်ကွဲနိုင်မှုကို ဟောကိန်းထုတ်ရန် အီတလီ သိပ္ပံပညာရှင်များ လေ့လာရန်ပြင်ဆင်

ဘာသာပြန် - ရောမောင်

ဘူမိရူပအင်တာနက်သတင်း

ရောမ စက်တင်ဘာ ၂၃

အီတလီနိုင်ငံရှိ ကမ်ပီဖလက်ရီ မီးတောင်ပေါက်ကွဲမည့် အချိန်ကာလကို ကြိုတင်ဟောကိန်းထုတ်နိုင်ရန် ယင်းမီးတောင်၏ မီးတောင်ရပ်ဝန်းဒေသ၌ ပေ ၁၃၀၀၀ (၃၉၆၂ မီတာ) အနက်ရှိ တွင်းတစ်တွင်းကို တူးဖော်ကာ လေ့လာသွားရန် သိပ္ပံပညာရှင်များ ပြင်ဆင်လျက်ရှိကြသည်။

သိပ္ပံပညာရှင်များ၏ ရည်မှန်းချက်မှာ ကမ်ပီဖလက်ရီ မီးတောင်အနီးတည်ရှိသော နေပယ်လ်မြို့ကို မီးတောင်ပေါက်ကွဲမှုဘေးအန္တရာယ်မှ ကာကွယ်ပေးနိုင်ရန်ဖြစ်သည်။

နေပယ်လ်ပင်လယ်အော်ရှိ ကမ်ပီဖလက်ရီ မီးတောင်သည် ယင်းမြို့အနောက်ဘက် ဆင်ခြေဖုံးဒေသအောက်ဘက်၌ သွယ်တန်းတည်ရှိနေသည်။ ကမ်ပီဖလက်ရီမီးတောင်သည် ၁၅၃၈ ခုနှစ်တွင် ပေါက်ကွဲခဲ့ပြီး ယင်းမီးတောင်၏ မီးတောင်ရပ်ဝန်းဒေသ၌ မီးတောင်ထိပ်ဝနှင့် ကျောက်သားအက်ကွဲကြောင်းများကို နေရာ ၂၄နေရာတွင် တွေ့မြင်နိုင်သည်။

မှတ်တမ်းတင်မည်

မီးတောင်ရပ်ဝန်းဒေသ၌ မြေသားတူးဖော်မှုပြုလုပ်ကာ မြေအောက်ရှိ ကျောက်သားများ၏ အပူချိန်ကို လေ့လာမှတ်သားမည်ဖြစ်ပြီး မြေသားလှုပ်ရှားမှု အခြေအနေကို မှတ်တမ်းတင်မည်ဖြစ်သည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❍

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် MRTV-4(Free To Air) ရုပ်သံလိုင်းကို ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် ပြောင်းလဲဖမ်းယူကြည့်ရှုနိုင်ပြီ

နေပြည်တော် စက်တင်ဘာ ၂၃

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် MRTV-4(Free To Air) ရုပ်သံလိုင်းကို မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ထုတ်လွှင့်ပေးလျက်ရှိရာ ယခုအခါ ကြည့်ရှုသူများ အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ရန်အတွက် VHF Channel (4) သို့ ပြောင်းလဲ ထုတ်လွှင့်ပေးနေကြောင်း သိရသည်။ လွှင့်အားကိုလည်း 1KW(UHF) မှ 4KW(VHF) သို့ တိုးမြှင့်ထုတ်လွှင့်ပေးနေပြီဖြစ်ရာ ဖမ်းယူမှုဧရိယာ ပိုမိုကျယ်ပြန့်လာပြီး ပိုမိုလွယ်ကူစွာ ဖမ်းယူရရှိမည်ဖြစ်သည်။

သို့ဖြစ်၍ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်ရှိ ပြည်သူလူထုအနေဖြင့် MRTV-4(Free To Air) ရုပ်သံလိုင်းကို စက်တင်ဘာ ၂၄ ရက်မှစတင်၍ MRTV နှင့် MWD ရုပ်သံလိုင်းများကဲ့သို့ မိမိတို့အိမ်ရှိ ရိုးရိုး VHF တီဗွီအင်တင်နာဖြင့်ပင် ရုပ်သံအရည်အသွေး ကြည်လင်ကောင်းမွန်စွာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပြီဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တက္ကသိုလ်တင်လက်ကျာ ၏

'ကမ္ဘာလုံးဆိုင်ရာ ကျားကောင်ရေထိန်းသိမ်းရေး နိုင်ငံအားလုံး ပါဝင်ဆောင်ရွက်'

ဆောင်းပါး စာမျက်နှာ(၆) တွင် ဖတ်ရှုနိုင်ပါသည်။